ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (30-7-2010)(၆၄၇၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၃၀

၂၀၁၀ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ ကြိုဆိုနှုတ်ဆက်

နေပြည်တော်　　ဇူလိုင်　　၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ည ၇ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ခေတ္တသံရုံးယာယီတာဝန်ခံတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့်ဇနီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ပြည်သူတို့ စရိတ်သက်သာစွာဖြင့် ကူးသန်းသွားလာနိုင်သည့်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

သတင်းဆောင်းပါး
ရဲဝင်းဆောင်(ကြေးမုံ)
ဓာတ်ပုံ - ပြည်တွင်းရေကြောင်း
အဆင်အပြင် - ခိုင်သန္တာရွှေ

ပြည်တွင်းပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးသည် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်စည်ပမာဏ ပိုမိုသယ်ဆောင်နိုင်ခြင်း စသည့်အားသာချက်တို့ ရှိနေသည်။ ယခုလို မိုးရာသီ ရေများချိန်သည် ရေကြောင်းသယ်ယူ ပို့ဆောင်ရေးအတွက် အားကောင်းသော ကာလတစ်ခုလည်းဖြစ်သည်။ ဤသို့သောအချိန်မျိုးတွင် အများပြည်သူတို့အနေဖြင့် ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်းနှင့် သွားလာမှုတို့၌ ရေကြောင်းခရီးကိုသာ ပိုမိုအားပြုသွားလာကြသည်။

ယင်းကဲ့သို့ ပြည်သူလူထု အားထားသွားလာသည့် ရေကြောင်းခရီး အဆင်ပြေချောမွေ့စေရန်နှင့် ကုန်ကျစရိတ် ပိုမိုသက်သာစေရန် ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ သဘာဝ ရေလမ်းခရီးများဖြစ်သည့် မြစ်ကြောင်းများကို အသုံးပြုကာ ခရီးသည်နှင့် ကုန်စည်များကို ရေယာဉ်၊ တွဲယာဉ်များဖြင့် စရိတ်စကသက်သာစွာ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ သယ်ယူပို့ဆောင်ပေးရာတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ ဧရာဝတီဌာနခွဲ၊ ချင်းတွင်းဌာနခွဲ၊ သံလွင်ဌာနခွဲ၊ ရခိုင်ဌာနခွဲ၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ စသည့် ဌာနခွဲခြောက်ခုဖြင့် အခြေပြုပြေးဆွဲပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✡

၁၀-၇-၂၀၁၀
(သောကြာနေ့)

သီးနှံစိုက်ပျိုးထုတ်လုပ်မှု အကျိုးပြု သုတေသနတွေ့ရှိချက်များ လက်တွေ့အသုံးချ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူဦးရေတိုးတက်လာနေသည်။ စားနပ်ရိက္ခာ ဖူလုံရေးသည် ကမ္ဘာ့လူသားအားလုံးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ပိုးမွှားရောဂါနှင့် သီးနှံဖျက်ပိုးတို့ကြောင့်လည်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်လျက်ရှိသည်။

နေရာဒေသမရွေး စားနပ်ရိက္ခာ ဖူလုံစွာရရှိရေးသည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ လယ်ယာစိုက်ပျိုးသော နိုင်ငံတိုင်းက သီးနှံပိုမို စိုက်ပျိုးထွက်ရှိရေး အားထုတ်ကြိုးပမ်းနေကြပြီဖြစ်သည်။ သဘာဝဘေး အန္တရာယ်ကို ရှောင်ရှားကျော်လွှားနိုင်မည့် စိုက်ပျိုးနည်းစနစ်များကို သုတေသနပြု ရှာဖွေနေကြပြီ။ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဂရုပြုလုပ်ကိုင်နေကြပေပြီ။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးကို ရည်မှန်းချက်ထားရှိပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် အကောင်အထည်ဖော်လျက်ရှိသည်။ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးထားပြီ။ တောင်သူလယ်သမား များက စပါးနှင့်သီးထပ်သီးညှပ်သီးနှံများ စိုက်ပျိုးနေကြပေပြီ။

ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုစိုက်ပျိုးလာမှုနှင့်အတူ သီးနှံအထွက်တိုး မျိုးကောင်းမျိုးသန့်များ အသုံးပြုရေးအတွက် ဒေသအလိုက် သင့်လျော်မည့် သီးနှံပုံစံများ၊ မြေဆီလွှာထိန်းသိမ်းပြုပြင်ရေးများ၊ သီးနှံရိတ်သိမ်းသည်မှ သိုလှောင်ရောင်းချသည်အထိလုပ်ငန်းများ၊ အလေအလွင့်နည်းပါးရေး ဆိုင်ရာများကို သုတေသနပြုလျက်ရှိသည်။

အထူးသဖြင့် ရာသီဥတုပြောင်းလဲလာမှုနှင့်အညီ သင့်တော်ကိုက်ညီမည့် သီးနှံမျိုးများ၊ မျိုးသစ်ပြောင်းလဲထုတ်လုပ် မျိုးပွားရေး သုတေသနတွေ့ရှိချက်များကို တောင်သူလယ်သမားများထံ အလျင်အမြန်ပေးပို့ရန် လိုအပ်မည်ဖြစ်သည်။ စိုက်ပျိုးရေးပညာပေးမှုများကို လုပ်ငန်းဌာနအသီးသီးနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားကြရပေမည်။

တောင်သူလယ်သမားကြီးများက စပါးနှင့်သီးနှံစုံ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး ကြိုးပမ်းလျက်ရှိရာ ပညာရှင်အသီးသီးတို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှု အကျိုးပြုသုတေသနရလဒ်များကို တောင်သူလယ်သမားများထံ အရောက်ပို့ လက်တွေ့အသုံးပြုခြင်းဖြင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် အိပ်ချ်အိုင်ဗွီ ကာကွယ်တားဆီးရေးလုပ်ငန်းများ အသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင် အဖွင့်အမှာစကားပြောကြားစဉ်။ (၅၀၆)

မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ်ပြိုင်ပွဲများကို ဇူလိုင် ၂၇ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်လီလီသိန်းနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ ပြည်နယ်အာဟာရ လေ့ကျင့်ကွပ်ကဲရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ပြည်သူ့ကျန်းမာရေးဆရာမ ဒေါ်မရောထုဘူ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဖြူမာမြင့်၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသဇင်ခိုင်နှင့် မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်ဝဒမ်းခေါင်နင်မန်နှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမဒေါ်ပြုံးနှင့် ပြိုင်ပွဲဝင်မိခင်များ၊ အာဟာရချက်ပြုတ်ပြိုင်ပွဲဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန မူကြိုကျောင်းမှ ဆရာမများနှင့် မူကြိုကျောင်းသား၊ ကျောင်းသူလေးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အစ္စရေးနိုင်ငံ Granot Agro-studies မှ ဖွင့်လှစ်သော ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရေးလုပ်ငန်းခွင်သို့ ၁၀ လကြာ သင်တန်းတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာကြသော သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အသိပညာ အတတ်ပညာများ တိုးတက်အောင် စဉ်ဆက်မပြတ်ဆည်းပူး မိမိတို့ တာဝန်ကျရာဒေသ၌ သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရန်ကူညီ

နေပြည်တော် ဇူလိုင် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ အစ္စရေးနိုင်ငံ Granot Agrostudies မှ ဖွင့်လှစ်သော ၂၀၀၉-၂၀၁၀ ခုနှစ် စိုက်ပျိုးရေးလုပ်ငန်းခွင်သို့ ၁၀ လကြာသင်တန်း တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာကြသော သင်တန်းသား ၃၇ ဦးအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ အသိပညာ အတတ်ပညာများ တိုးတက်ရရှိအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ မိမိတို့လက်တွေ့ဆည်းပူးရရှိခဲ့ကြသော စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို မိမိတို့တာဝန်ကျရာဒေသ၌ရှိသော တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရန် ကူညီပေးခြင်းဖြင့် စီးပွားရေးတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် သင်တန်းသားတစ်ဦးက အစ္စရေးနိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဌာနအကြီးအကဲများက တင်ပြချက်များအပေါ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားမည့် အစီအမံများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို မှာကြားသည်။

သင်တန်းများသည် အစ္စရေးနိုင်ငံ၌ ငှက်ပျောစိုက်ပျိုးမှု၌ ၁၇ ဦး၊ ပန်းမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၌ ၁၂ ဦး၊ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု၌ရှစ်ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Parami Foundation ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇူလိုင် ၃၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ကိုကိုလှိုင် (နိုင်ငံတကာရေးရာသုတေသီ)က "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာနိုင်မည့် အလားအလာများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကုန်းလမ်းပို့ဆောင်ရေး ဝန်ထမ်းများ၏ ထူးချွန်သားသမီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အခြေစိုက်အလုပ်ရုံ အမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကို ဌာနဆိုင်ရာအကြီးအကဲများက ဆက်လက်ချီးမြှင့်ကြသည်။

ကုန်းလမ်းပို့ဆောင်ရေးလက်အောက်ရှိ ဝန်ထမ်းသားသမီးများအနက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၂၆ ဦး စုစုပေါင်း ၁၄၀ အောင်မြင်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၉

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)က ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ကို ဇူလိုင် ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် ကျော်ဝင်းအောင်(ကျောက်မဲ)၊တင်မိုးတို့၏ ကဗျာများ၊ ခင်မြန်မာ၏ ကလေးလူငယ်ကဏ္ဍ၊ ဇော်မင်းကြီး၊ သောကြာကြယ်၊ ရွှေကိုဦး၊ ကာတွန်းစောဟန်တို့၏ ခရီးသွားကာတွန်းကဏ္ဍ၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်)၊ ဓမ္မာစရိယဦးခင်မောင်၊ မောင်ကောင်းမြင့်၊ မောင်ရတနာ၊ ကပ္ပိယတစ်ဦး၊ ဖေမြင့်၊ ကောင်းသန့်၊ ရဲမြင့်နောင်၊ မောင်မောင်(ယထ)၊ ကိုမူကြို၊ မကြွယ်ကြွယ်၊ အောင်မင်း(မထသ)၊ခင်မောင်ကြွယ်၊ ဒေါက်တာဒေါ်စိုးသူ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မိချမ်းဝေ၊ ကျိုက်လတ်မိုးမြင့်၊ ပြည်စိုး၊ ဖိုးအေး(မြို့မ)၊ ကေတုလှနိုင်၊ မျိုးမြင့်(လှည်းကူး)၊ နွယ်ဇင်ဦး(မြန်မာစာ)၊ လင်းမြတ်(မြန်မာစာ)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ကျော်ဌေး (ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ဖိုးသာအောင်၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများပါဝင်သည်။

ဆက်သွယ်နိုင်

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် (၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တက်ရောက်လေ့ကျင့်

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၊ သီရိခေမာဈေး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဈေးအရန် မီးသတ်မွမ်းမံသင်တန်းအား ဖွင့်လှစ်ခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကသာမြို့နယ် စည်ပင်သာယာရေး အဖွဲ့တို့မှ သင်တန်းသားများ တက်ရောက်လေ့ကျင့်ခဲ့စဉ်။ (မြို့နယ်စည်ပင်)

✡ **ရှေ့ဖုံးမှ**

မြစ်ဝကျွန်းပေါ်ဌာနခွဲသည် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်(လမ်းသစ်)တွင် တည်ရှိပြီး ရန်ကုန်မြို့မှ ပြည်မြို့အထိနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့သို့ ရေလမ်းမိုင် ပေါင်း ၂၂၉၂ မိုင်အား ပြေးဆွဲလျက် ရှိသည်။ စက်ရှိရေယာဉ် ၈၀ စင်း၊ ဆိပ်ခံ ၂၂ စင်းကို အသုံးပြုလျက်ရှိကြောင်း၊ ယင်း ဌာနခွဲရှိ ရေယာဉ်ခရီးစဉ်များသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ခရီးစဉ် အပြည့် ပြေးဆွဲပေးကြောင်း သိရ သည်။

ဧရာဝတီဌာနခွဲသည် မန္တလေးမြို့၌ တည်ရှိပြီး ပြည်မြို့မှအထက် ဧရာဝတီ မြစ်ရိုးတစ်လျှောက် ဗန်းမော်မြို့အထိနှင့် မြစ်ကြီးနား ဝိုင်းမော်အထိ ရေလမ်းမိုင် ၂၀၂၈ မိုင်ခန့် ပြေးဆွဲလျက်ရှိသည်။ အသုံးပြုရေယာဉ်များမှာ စက်ရှိရေယာဉ် ၄၈စင်း၊ ဆိပ်ခံတွဲ ၁၀စင်း၊ စက်မဲ့ရေယာဉ် ၁၅စင်းတို့ဖြစ်သည်။ ဧရာဝတီဌာနခွဲမှ ပြေးဆွဲသည့် ရေယာဉ်ခရီးစဉ်များသည် ယခုလိုရေများချိန်တွင် အထက်ဗန်းမော် မြို့အထိကို တိုက်ရိုက်ပြေးဆွဲနိုင်သော် လည်း ပွင့်လင်းရာသီ ရေနည်းချိန်၊ ရေပါး ချိန်တွင်မူ ဗန်းမော်မြို့၏ အောက်ဘက် သုံးမိုင်အကွာတွင်ရှိသည့် တပ်ကလေး ဆိပ်ကမ်း၊ အောက်ဘက် ငါးမိုင်အကွာ တွင်ရှိသည့် ကမ်းပါးနီဆိပ်ကမ်းတို့ အထိသာ ပြေးဆွဲနိုင်ပြီး မိုးဦးကာလ ဇွန်လ ပထမပတ်နှင့် ဒုတိယပတ်ခန့်မှ စတင်၍ ခရီးစဉ်ပြည့် ပြန်လည်ပြေးဆွဲ နိုင်ကြောင်း သိရသည်။

ချင်းတွင်းဌာနခွဲကို မုံရွာမြို့တွင် အခြေ စိုက်ထားပြီး ချင်းတွင်းမြစ်တစ်လျှောက် ခန္တီးမြို့အထိ ရေလမ်းမိုင် ၁၀၅၅ မိုင်ဖြင့် ပြေးဆွဲပေးသည်။ ၎င်းဌာနခွဲတွင် စက်ရှိ ရေယာဉ် အစင်း၃၀ ကို အသုံးပြုထား ကြောင်း သိရသည်။ ယင်းဌာနမှ ရေယာဉ်များသည်လည်း ရေပါးချိန် ပျမ်းမျှအားဖြင့် ဖေဖော်ဝါရီလခန့်မှ စတင်၍ မေလနှောင်းပိုင်းအချိန်ထိ မုံရွာ- ဟုမ္မလင်းနှင့် မုံရွာ-ခန္တီးခရီးစဉ်များကို ယာယီရပ်တန့်ထားရသည်။ ထိုအချိန်တွင် မုံရွာ-ကလေးဝခရီးစဉ်ကိုမူ ပုံမှန်ပြေးဆွဲ ပေးကြောင်း သိရသည်။

သံလွင်ဌာနခွဲသည် မော်လမြိုင်မြို့တွင် တည်ရှိပြီး မွန်ပြည်နယ်နှင့် ကရင်ပြည် နယ်အတွင်း သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံ မြစ်တို့ကို အသုံးပြုပြေးဆွဲသည်။ ရေလမ်း မိုင်မှာ ၂၁၆ မိုင်ခန့်ရှိသည်။ စက်ရှိ ရေယာဉ် ၂၄ စင်း၊ ဆိပ်ခံတွဲ ငါးစင်းတို့ ကို အသုံးပြုပြေးဆွဲပေးလျက်ရှိသည်။

ရခိုင်ဌာနခွဲကို စစ်တွေမြို့တွင် အခြေ ပြုထားပြီး ရခိုင်ကမ်းရိုးတန်းတစ်လျှောက် နှင့် ကုလားတန်မြစ်၊ လေးမြို့မြစ်တို့ကို အသုံးပြုပြေးဆွဲသည်။ ပြေးဆွဲသည့် ခရီးလမ်းမိုင်သည် ၁၀၀၆ မိုင်ခန့်ရှိသည်။ စက်ရှိရေယာဉ် ၂၆ စင်း၊ ဆိပ်ခံတွဲ နှစ်စင်း တို့ကို အသုံးပြုထားသည်။ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်အတွင်း အဓိကကျသော သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဖြစ် ကြောင်း သိရသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အနေဖြင့် ယခုလို မိုးရာသီ ရေများချိန် ကာလတွင်သာမက ပွင့်လင်းရာသီ ရေပါး ချိန်ကာလများတွင်လည်း အချို့သော ရေကြောင်းကျပ်သည့် လိုင်းများမှအပ ကျန်လိုင်းများကိုမူ ပုံမှန်အတိုင်း ပြေးဆွဲ ပေးလျက်ရှိသည်။

ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ် တွင် ချင်းတွင်းမြစ်အတွင်း ရေပါးသွားခဲ့ သည့်အတွက် ချင်းတွင်းဌာနခွဲမှ ပြေးဆွဲ နေသည့် မုံရွာ-ဟုမ္မလင်းခရီးစဉ်နှင့် မုံရွာ- ခန္တီးခရီးစဉ်တို့ကို ခေတ္တရပ်နားထားခဲ့ရ သော်လည်း မိုးဦးကာလတွင် မိုးရွာသွန်းမှု အားကောင်းခဲ့သည့်အတွက် မျှော်မှန်း ထားသည့်ကာလထက်စော၍ ဇွန်လဆန်း မှာပင် မုံရွာ - ဟုမ္မလင်း ခရီးစဉ်ကို ပြန်လည်ပြေးဆွဲနိုင်ခဲ့ကြောင်း၊ ဇွန်လ ဒုတိယပတ်တွင် မုံရွာ-ခန္တီးခရီးစဉ်ကို လည်း ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့ကြောင်း၊ ရေပါးချိန်ဖြစ်သည့် ဖေဖော်ဝါရီလနှင့် မေလနှောင်းပိုင်းတွင်မူ မုံရွာ-ကလေးဝ ခရီးစဉ်ကို တစ်ပတ်လျှင် ခြောက်ရက် ပုံမှန်ပြေးဆွဲပေးကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ပြည်တွင်းရေ ကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူ တစ်ဦးက "ချင်းတွင်းမြစ်မှာ ပြေးဆွဲနေတဲ့ ချင်းတွင်းဌာနခွဲက ရေယာဉ်တွေဟာ ပြီးခဲ့တဲ့ ဇွန်လဆန်းကစလို့ ရေသာတဲ့ အတွက် မုံရွာ - ဟုမ္မလင်းခရီးစဉ်ကို ပြန်ပြေးဆွဲနိုင်တယ်။ ရေက ထူးထူး ခြားခြားသာလာတဲ့အတွက် ဇွန်လဒုတိယ ပတ်မှာ မုံရွာ-ခန္တီးကို သလ္လာဝတီ ခြောက် စင်းနဲ့ ဆွဲနိုင်ပြီ"ဟု ရှင်းလင်းပြောကြား သည်။

ယခုအခါ ချင်းတွင်းဌာနခွဲမှ ပြေးဆွဲ ပေးနေသည့် ခရီးစဉ်များကို လိုင်းပြည့် ပြန်လည်ပြေးဆွဲလျက်ရှိရာ မုံရွာ-ခန္တီး ခရီးစဉ်ကို စနေနေ့တိုင်း၊ မုံရွာ-ဟုမ္မလင်း ခရီးစဉ်ကို တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များ၊ မုံရွာ-ကလေးဝကို ကြာသပတေးနေ့တိုင်း ပြေးဆွဲပေးလျက်ရှိသည်။

ထို့အတူ ဧရာဝတီဌာနခွဲမှ ပြေးဆွဲပေး နေသည့် ခရီးစဉ်များထဲမှ မန္တလေး- ဗန်းမော်ခရီးစဉ်ကို ရေပါးချိန်က ပြေးဆွဲခဲ့ သည့် ကမ်းပါးနီဆိပ်ကမ်းမှ ဇွန်လဆန်း တွင် တပ်ကလေးဆိပ်ကမ်းသို့ ပြောင်းရွှေ့ ပြေးဆွဲနိုင်ခဲ့ပြီး ဇွန်လဒုတိယပတ်တွင် ရေပို သာလာသည့်အတွက် တပ်ကလေးဆိပ်ကမ်း မှ ဗန်းမော်မြို့တည့်တည့်တွင် ရှိသည့် ရွှေဗန်းမော်ဆိပ်ကမ်းထိတိုင် ပြောင်းရွှေ့ ပြေးဆွဲပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဧရာဝတီမြစ်ထဲမှာဆိုရင် မန္တလေး မြို့မှာ အခြေပြုတဲ့ ဧရာဝတီဌာနခွဲက မန္တလေး-ဗန်းမော်ပြေးဆွဲတဲ့ ရေယာဉ် တွေဟာ နွေရာသီရေပါးချိန်မှာ ဗန်းမော် မြို့အောက်ဘက် သုံးမိုင်အကွာမှာရှိတဲ့ တပ်ကလေးဆိပ်ကို ရွှေ့ခဲ့ရတယ်။ အဲဒီကနေတစ်ဆင့် ထပ်ပြီး ဗန်းမော်မြို့နဲ့ ငါးမိုင်အကွာ၊ တပ်ကလေးဆိပ်နဲ့ သုံးမိုင် အကွာမှာရှိတဲ့ ကမ်းပါးနီဆိပ်ကမ်းအထိ ရွှေ့ခဲ့ရတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဇွန်လ ပထမပတ်ကစပြီး ကမ်းပါးနီကနေ တပ်ကလေးဆိပ်ကို ပြန်လည်ပြေးဆွဲနိုင်ခဲ့ တယ်။ ဒုတိယပတ်မှာပဲ ရေပိုသာလာတဲ့ အတွက် ပြီးခဲ့တဲ့နှစ်ထက် တစ်လစောပြီး တပ်ကလေးဆိပ်ကနေ ဗန်းမော်မြို့ ရွှေဗန်းမော်ဆိပ်ကမ်းထိ သင်္ဘောတွေ ဆိုက်ကပ်နိုင်ခဲ့တယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ထိုသို့ ရေသာ၊ ရေများလာသည်နှင့် အမျှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဌာနမှ ပြေးဆွဲပေးနေသည့် ရေယာဉ်များ ခရီးစဉ်ပြည့်၊ လိုင်းပြည့်ပြန်လည်ပြေးဆွဲ လာနိုင်ခဲ့ပြီဖြစ်ရာ ယင်းသို့ ပြေးဆွဲနိုင်ခြင်း အတွက် ရရှိသည့် အကျိုးကျေးဇူးနှင့် ပတ်သက်၍ "အဲဒီအတွက် အကျိုး ကျေးဇူးက ဗန်းမော်ဆိပ်ကမ်းမှာဆိုရင် သင်္ဘောပေါ်ကဆင်းရင် မြို့ပေါ် တန်းရောက်သွားတယ်။ အဲလိုပဲ မြို့ပေါ်ကနေ သင်္ဘောပေါ်ကိုလည်း တန်းရောက်တယ်။ ရေပါးချိန်မှာ အဆင့် ဆင့်သွားရတဲ့ ခရီးတွေမရှိတော့ဘူး။ စရိတ်စကလည်း အများကြီးသက်သာ သွားတယ်။ မိုးကာလမှာ ရေများတဲ့ အတွက် လမ်းသာတယ်။ ခရီးတွင်တယ်။ ကုန်များများ တင်နိုင်တယ်။ ခရီးဝေးဝေး သွားနိုင်တယ်" ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

လက်ရှိပြည်တွင်းရေကြောင်းပို့ဆောင် ရေး၌ စက်ရှိရေယာဉ် ၂၆၁ စင်း၊ စက်မဲ့ တွဲရေယာဉ် ၁၆၅ စင်းနှင့် ဆိပ်ခံတွဲ ၄၁ စင်း စုစုပေါင်း ၄၆၇ စင်းတို့ကို အသုံးပြု လျက်ရှိသည်။ ယင်းအသုံးပြုရေယာဉ်များ ၏ တစ်ကြိမ်လျှင် သယ်နိုင်စွမ်းအားမှာ ကုန်တန်ချိန်အားဖြင့် ၆၆၈၇၇ တန်၊ ခရီးသည်ဦးရေမှာ ခရီးတိုတွင် ၆၀၀၉၃ ဦး၊ ခရီးရှည်တွင် ၄၂၃၈၆ ဦးကို သယ် ဆောင် ပေးနိုင်စွမ်းရှိပြီး ခရီးလမ်း မိုင်ပေါင်း ၉၁၀၂ မိုင်ကို ပြေးဆွဲပေးလျက် ရှိရာ နိုင်ငံအနှံ့ ဖြန့်ကြက်ထားသည့် ရေလမ်းခရီးတစ်ခုဖြစ်သည်နှင့်အညီ ရေကြောင်းပို့ဆောင်ရေးတွင် စီးပွားရေး အရ တွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခု ဖြစ်သည့်အပြင် ပြည်သူတို့ ကူးသန်းသွား လာရေးအတွက်လည်း များစွာအဆင်ပြေ သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း တစ်ခုဖြစ်သည်။

ထိုသို့ ပြည်သူတို့ လိုရာခရီးကို လုံခြုံ စိတ်ချ စရိတ်စက သက်သာစွာဖြင့် ကူးသန်းသွားလာနိုင်သည့် ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား ခေတ် စနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် ပြည်တွင်း၌ ရေယာဉ် သစ်များ တည်ဆောက်ခြင်း၊ ပုံစံ ပြောင်းအကြီးစားမွမ်းမံပြင်ဆင်ခြင်းများ ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် အစီအစဉ်ဖြင့် ပြည်ပနိုင်ငံများမှလည်း ရေယာဉ်သစ်များ ဝယ်ယူဖြည့်တင်းခြင်း များကိုလည်း လုပ်ဆောင်လျက်ရှိရာ ပြည်သူတို့အတွက် များစွာထောက်ကူပြု ပေးနိုင်သည့် ပို့ဆောင်ရေးကဏ္ဍတစ်ခု အဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ် ကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြစ်အတွင်းမှ မြင်ရသည့် ဒလသင်္ဘောကျင်း မြင်ကွင်းကို တွေ့ရစဉ်။

မြစ်ဝကျွန်းပေါ်ဒေသသို့ သယ်ယူပို့ဆောင်ပေးနေသည့် ပြည်တွင်းရေကြောင်းပိုင် ဗလကျော်ခေါင်ရေယာဉ်ကို တွေ့ရစဉ်။

ကလေးဝဆိပ်ကမ်းနှင့် ချင်းတွင်းဌာနခွဲမှ သလ္လာဝတီ(၆) ရေယာဉ်ကို တွေ့ရစဉ်။

ဗန်းမော်မြို့ တပ်ကလေးဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်းပိုင် ကုန်တင်ရေယာဉ်ကြီးများကို တွေ့ရစဉ်။

နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသသည့်
အီရန်ရှိ အကြီးဆုံးအာကာသအဝေးကြည့်မှန်ပြောင်း

တီဟီရန် ဇူလိုင် ၂၉

အီရန်နိုင်ငံသည် နည်းပညာနယ်ပယ်၌ တိုးတက်အောင်မြင်မှုရှိကြောင်း ဖော်ညွှန်းပြသနိုင်သည့် အလွန်ကြီးမားသော အာကာသအဝေးကြည့် မှန်ပြောင်းတစ်ခုကို ဇူလိုင် ၂၈ရက်၌ အောင်မြင်စွာ ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။



တည်ဆောက်

ယင်း အာကာသအဝေးကြည့်မှန်ပြောင်းကြီးကို အီရန်နိုင်ငံ ရိုပါရီဂန်မြို့လယ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ အာကာသအဝေးကြည့်မှန်ပြောင်းကြီး (ဝဲပုံ) ဖွင့်ပွဲအခမ်းအနားသို့ အီရန် ဒုတိယသမ္မတ ရီဇာရာဟီမီ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ကုန်ကျ

အဆိုပါ အာကာသအဝေးကြည့်မှန်ပြောင်းကို အမေရိကန်ဒေါ်လာ ၈၀၀၀၀ အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်ပြီး အာကာသရေးရာနှင့် စစ်ဘက်ရေးရာ နယ်ပယ်များအတွက် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။

လွှတ်တင်မည်

အီရန်သမ္မတ အာမက်ဒီနီဂျက်က အီရန်နိုင်ငံသည် သိပ္ပံနည်းပညာများ အောင်မြင်တိုးတက်နေပြီဖြစ်ရာ ၂၀၁၉ ခုနှစ်၌ အာကာသသို့ လူလိုက်ပါသည့် ပထမဆုံး အာကာသလွန်းပြန်ယာဉ် လွှတ်တင်မည်ဟု ပြောကြားသည်။**(အင်တာနက်)**

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်
နှစ်ဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ဟီလီနာ ဇူလိုင် ၂၉

အမေရိကန်နိုင်ငံ မွန်တာနာမြို့တွင် ဇူလိုင် ၂၇ရက်က အင်အားပြင်းထန်သည့် လေဆင်နှာမောင်းတိုက်ခတ်သွားရာ နှစ်ဦးသေဆုံးပြီး နေအိမ်အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း အမေရိကန်အရာရှိများက ဇူလိုင် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

တိုက်ခတ်

ယင်းလေဆင်နှာမောင်းသည် ဇူလိုင် ၂၇ရက် နံနက် ၇နာရီ ၁၅မိနစ်က တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီလျှင် မိုင် ၁၅၀နှုန်း တိုက်ခတ်ခဲ့သည်။ လေဆင်နှာမောင်း အရွယ်အစားမှာ အကျယ်နှစ်မိုင်ခန့်ရှိသည်။

ယခုလေဆင်နှာမောင်း တိုက်ခတ်မှုသည် ၁၉၂၃ ခုနှစ်မှစတင်ကာ မွန်တာနာမြို့၌ တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းများတွင် စတုတ္ထမြောက်အပြင်းထန်ဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ (အပေါ်ပုံ) *(အင်တာနက်)*

ပါလက်စတိုင်း၌ ကျေးရွာများ ဖျက်ဆီးခံရ

ဂျေရုဆလင် ဇူလိုင် ၂၉

အစ္စရေး လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ပါလက်စတိုင်းရှိ နီဂက်သဲကန္တာရအတွင်း နေထိုင်သည့် ဘီဒူယင် အာရပ်လူမျိုးများအား တိုက်ခိုက်ပြီး ကျေးရွာကို ဖျက်ဆီးလိုက် သည့်အတွက် ကျေးရွာသူကျေးရွာသား ၃၀၀ခန့် အိုးအိမ်မဲ့ဘဝသို့ ကျရောက်သွားကြရသည်။

ရောက်လာ

တစ်ရွာလုံးကို မြေထိုးစက်ဖြင့် ဖြိုဖျက်ပစ်ရန် အင်အား ၁၅၀၀ ကျော်ရှိ အစ္စရေးရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၇ရက် နံနက် မိုးမလင်းမီ အယ်အာရပ်ကျေးရွာသို့ ရောက်လာကြကြောင်း လူ့အခွင့်အရေး လှုပ်ရှားသူများ၏ ပြောပြချက်အရ သိရသည်။

အဖမ်းခံရ

ရွာသားများပိုင်ဆိုင်သည့် နေအိမ်များကို အစ္စရေးရဲတပ်ဖွဲ့ဝင်များက ဖြိုချပြီး သံလွင်ပင်ရာပေါင်းများစွာကိုလည်း ဖျက်ဆီးပစ်လိုက်သည်။ လေးဦးခန့်ဒဏ်ရာ ရပြီး အချို့ရွာသားများ အဖမ်းခံလိုက်ရသည် ဆို၏။

(အင်တာနက်)

အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင် ၂၀၀၀ ဆိုမာလီသို့ ထပ်မံစေလွှတ်မည်

ကမ်ပါလာ ဇူလိုင် ၂၉

ဆိုမာလီနိုင်ငံအတွင်း စစ်သွေးကြွ အကြမ်းဖက်မှုများ တိုးပွားလာခြင်းကို တုံ့ပြန်ရန် မဟာဗျူဟာ ချမှတ်မှုတစ်ရပ်အဖြစ် အာဖရိကသမဂ္ဂ(အေယူ)က နောက်ထပ်တပ်ဖွဲ့ဝင် ၂၀၀၀စေလွှတ်ခြင်းဖြင့် ဆိုမာလီဆိုင်ရာ လုပ်ငန်းတာဝန်ဆောင်ရွက်မှုကို အားဖြည့်ပေးရန် အေယူခေါင်းဆောင်များက ဇူလိုင် ၂၉ရက်၌ အာမခံလိုက်သည်။

ဆုံးဖြတ်

ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် အေယူထိပ်သီးအစည်းအဝေးကို ဇူလိုင် ၂၇ရက်က အဆုံးသတ်လိုက်ပြီး ဆိုမာလီနိုင်ငံ၌ လောလောဆယ် စေလွှတ်ထားသည့် ယူဂန္ဒာနှင့် ဘူရွန်ဒီ တပ်ဖွဲ့ဝင် ၆၀၀၀ အပြင် ထပ်မံအင်အားဖြည့်ရန် ညီလာခံတက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။

ဆိုမာလီနိုင်ငံ၌ အာဖရိကသမဂ္ဂ (အေယူ)ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်နှင့် ပတ်သက်၍ အသုံးစရိတ် တိုးချဲ့သုံးစွဲရေးအဆိုကိုလည်း အေယူထိပ်သီးအစည်းအဝေးက အတည်ပြုလိုက်ကြောင်း အီသီယိုးပီးယားနိုင်ငံခြားရေးဝန်ကြီး ဆေယုဖ်က ပြောကြားသည်။

(အင်တာနက်)

အာဖဂန်တွင် လမ်းဘေးဗုံးပေါက်ကွဲ လူ ၂၀သေဆုံး

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နိုင်ငံ အနောက်တောင်ပိုင်း နီမာဇာပြည်နယ်တွင် ဇူလိုင် ၂၇ရက် နံနက်ပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးထိမှန်ခဲ့သဖြင့် လူ ၂၀သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ ဖယ်ရာပြည်နယ်အနီး ဘိုရာဒေသနှင့် ဒီလာရမ်ဒေသအကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအများအပြားမှာ ကလေးငယ်နှင့် အမျိုးသမီးများဖြစ်ကြကြောင်း နီမာဇာပြည်နယ်အုပ်ချုပ်ရေးမှူး အေဇက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်ပို့ဆောင်ပေးခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ စီကျန်မြို့တွင် မိုးသည်းထန်ပြီး ရေလွှမ်းခဲ့ရာ ကလေးငယ်နှစ်ဦးအား ကယ်ဆယ်ရေးအဖွဲ့ဝင်များ ခေါ်ဆောင်လာသည်ကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးဝန်ကြီးချုပ် ဂျော်ဒန်သို့ ရုတ်တရက်သွားရောက်

အမ္မန် ဇူလိုင် ၂၉

တိုက်ရိုက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပါလက်စတိုင်းတို့ လက်ခံလာစေရန် အမေရိကန်အစိုးရနှင့် အစ္စရေးအစိုးရတို့ ဖိအားပေးကြိုးပမ်းနေစဉ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိလာသည်။

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့သို့ ဇူလိုင် ၂၆ရက်က ရုတ်တရက် ရောက်ရှိလာသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အမေရိကန်ကြားဝင်ဆောင်ရွက်ပေးသည့် သွယ်ဝိုက်ဆွေးနွေးပွဲအစား တိုက်ရိုက်စေ့စပ်ဆွေးနွေးရေးနှင့် ပတ်သက်၍ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ၏ ထောက်ခံမှုရရှိရန် စည်းရုံးကြိုးပမ်းခဲ့သည်။

ပြောကြား

နှစ်နိုင်ငံဖြေရှင်းရေး ဦးတည်သည့် ထိရောက်သော တိုက်ရိုက်စေ့စပ်ဆွေးနွေးပွဲများ ပြုလုပ်ရန်လိုအပ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် နှစ်နာရီကြာ တွေ့ဆုံစဉ် အစ္စရေးဝန်ကြီးချုပ်က အလေးအနက် ပြောကြားသည်။ တိုက်ရိုက်ဆွေးနွေးပွဲများသည် ၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ ပစ်ခတ်တိုက်ခိုက်သဖြင့် ပျက်ပြားခဲ့ရသည်။ တိုက်ရိုက်မဆွေးနွေးမီ အရေးကြီးပြဿနာများကို ဖြေရှင်းပေးရန် ပါလက်စတိုင်းတို့က တောင်းဆိုထားသည်။ **(အင်တာနက်)**

ဗင်နီဇွဲလား နယ်စပ်ဒေသ တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထား

ကရာကက် ဇူလိုင် ၂၉

တောင်အမေရိကနှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာမှုကြောင့် ကိုလံဘီယာနှင့် ဗင်နီဇွဲလား နယ်စပ်ဒေသတစ်လျှောက် ဗင်နီဇွဲလားနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားသည်ဟု ဇူလိုင် ၂၈ရက်က ၎င်းနိုင်ငံအမျိုးသားလုံခြုံရေးတပ်ဖွဲ့ ပြည်နယ်တပ်မှူးက ပြောကြားသည်။

စေလွှတ်

ကိုလံဘီယာနိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားမှုကြောင့် နယ်စပ်ဒေသတစ်လျှောက်သို့ ကရာကက်မြို့မှ ဗင်နီဇွဲလားတပ်ဖွဲ့ဝင် ၁၀၀၀ခန့် စေလွှတ်လျက်ရှိသည်။

ဗင်နီဇွဲလားနိုင်ငံ၏ နယ်စပ်လုံခြုံရေးအတွက် အားဖြည့်ကူညီရန် တပ်ဖွဲ့ဝင် ၉၈၀မှ တပ်ဖွဲ့ဝင် ၁၀၀၀အထိတိုးမြှင့်ချထားသည်။ သို့သော် စစ်ဆင်ရေးတိုက်ပွဲများ တပ်လှန့်ထားရှိမှုကို ရပ်ဆိုင်းထားသည်ဟု ဇူလိုင် ၂၈ရက်တွင် ဗင်နီဇွဲလားနိုင်ငံ အမျိုးသားလုံခြုံရေးတပ်ဖွဲ့မှ ပြည်နယ်တပ်မှူး၏ ပြောကြားချက်ကို ရိုက်တာက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘောကြီးအီပစ်
ခရီးသည် ၄၀၀၀ဖြင့် ဟွန်ဒူးရပ်စ်သို့ ဆိုက်ရောက်

ရိုရာတန် ဇူလိုင် ၂၉

ကမ္ဘာပေါ်တွင် အကြီးမားဆုံး အပျော်စီးသင်္ဘောကြီးများတွင် တစ်စင်းအပါအဝင်ဖြစ်သည့် အီပစ်အမည်ရှိ ဇိမ်ခံအပျော်စီးသင်္ဘောကြီးသည် ဟွန်ဒူးရပ်စ်နိုင်ငံ ရိုရာတန်မြို့ ဆိပ်ကမ်းသို့ ဇူလိုင် ၂၈ရက်က ဆိုက်ရောက်လာခဲ့သည်။ **(ဝဲပုံ)**

ပိုင်ဆိုင်

အီပစ် ဇိမ်ခံအပျော်စီးသင်္ဘောကြီးကို နော်ဝေးနိုင်ငံ ခရုစ်သင်္ဘောလိုင်း(အင်န်စီအယ်လ်)က ပိုင်ဆိုင်ပြီး ဥရောပရေလမ်းခရီးစဉ်များကို အထူးအစီအစဉ်များဖြင့် ခုတ်မောင်းပြေးဆွဲပေးနေခြင်းဖြစ်သည်။

အီပစ်သင်္ဘောကြီးသည် ခရီးသည် ၄၀၀၀ကို တင်ဆောင်ကာ ဟွန်ဒူးရပ်စ်နိုင်ငံ ရိုရာတန်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခြင်းမှာ ဟွန်ဒူးရပ်စ်နိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီး နေလီဂီရက်ဖ်၏ ဆော်သြမှုအရ ဖြစ်ကြောင်း သိရသည်။ ဟွန်ဒူးရပ်စ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကထက် ယခု ၂၀၁၀ခုနှစ်၌ အပျော်စီးသင်္ဘောများမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသည် ၈၀၀၀၀၀ခန့် ရောက်ရှိရန် မျှော်မှန်းထားသည်။

စုံလင်စွာပါရှိ

အီပစ်ဇိမ်ခံအပျော်စီးသင်္ဘောကြီးတွင် အပန်းဖြေဥယျာဉ်၊ အားကစားကွင်း၊ စားသောက်ဆိုင်၊ ကုန်ပဒေသာဆိုင်၊ ဖျော်ဖြေရေးခန်းမနှင့် ရေကူးကန် စသည်တို့ စုံလင်စွာ ပါရှိကြောင်း သိရသည်။ **(အင်တာနက်)**



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အီရန်က နျူကလီးယားစွဲဆွေးနွေးရန် အသင့်ရှိဟုပြောကြား

အီရန်၏နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ တာဝန်ရှိသူများနှင့်ဆွေးနွေးရန် အသင့်ရှိကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဇူလိုင် ၂၉ရက်၌ ပြောကြားလိုက်သည်။

ဂါဇာမြို့ကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

အစ္စရေးတိုက်လေယာဉ်နှစ်စင်းသည် ပါလက်စတိုင်းရှိ ဂါဇာမြို့အနောက်ပိုင်းကို ဇူလိုင် ၂၉ရက်က ပစ်ခတ်တိုက်ခိုက်ကြောင်း၊ ပါလက်စတိုင်းနှစ်ဦးသေဆုံးခဲ့ပြီး နေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း ပါလက်စတိုင်းတို့က သတင်းထုတ်ပြန်သည်။

မလက္ကာရေလက်ကြား၌ ကယ်ဆယ်ရေးသင်္ဘောထားရှိမည်

မလက္ကာရေလက်ကြား၌ သွားလာနေသောသင်္ဘောများအား သဘာဝဘေးအန္တရာယ်နှင့်မတော်တဆ ဖြစ်ရပ်များအတွက် အကူအညီပေးရန် ကယ်ဆယ်ရေးသင်္ဘောထားရှိရေး စီစဉ်လျက်ရှိကြောင်း မလေးရှားအရာရှိများက ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်ကမ်းလွန်၌ ဇူလိုင် ၂၉ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၄အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

အမေရိကန် စစ်ဘက်ကုန်တင်လေယာဉ်ပျက်ကျ

အမေရိကန်နိုင်ငံ အလာစကာပြည်နယ် အဲလ်မင်ဒေါ့ဖ်လေတပ်အခြေစိုက်စခန်းအနီး ဇူလိုင် ၂၉ရက်က အမေရိကန်စစ်ဘက်ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသူလေးဦးကိုကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ပီရူးနိုင်ငံ လီမာမြို့အနီး လေယာဉ်ပျက်ကျ

ပီရူးနိုင်ငံ လီမာမြို့အနီးတွင် ဇူလိုင် ၂၉ရက် နံနက်က လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦး သေဆုံးခဲ့ကြောင်း ပီရူးအရာရှိများက ပြောကြားသည်။

မက္ကဆီကိုကမ်းလွန်၌ မုန်တိုင်းဖြစ်ပေါ်နေ

မက္ကဆီကိုကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့၌ မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းမုန်တိုင်းငယ်သည် လာမည့် ၂၄နာရီအတွင်း မက္ကဆီကိုကမ်းခြေသို့ ဦးတည်တိုက်ခတ်ဖွယ်ရှိကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက ဇူလိုင် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဇူလိုင် ၂၉ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၂၆ဒေါ်လာအထိဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

ကူဝိတ်၌ နိုင်ငံတကာအဆင့်မီဟိုတယ် တည်ဆောက်မည်

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့၌ နိုင်ငံတကာအဆင့်မီ ထိပ်တန်းဟိုတယ်ကြီးတစ်ခုကို တည်ဆောက်သွားရန်စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ အဆင့်အတန်းမြင့်စွာ လာရောက်တည်းခိုနိုင်ရန်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံ ခရီးသွားလုပ်ငန်းအရာရှိများက ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။(အင်တာနက်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းဆုချီးမြှင့်ပွဲ
တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် တံခွန်စိုက်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၉

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုအမျိုးအစားအလိုက် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းမှူးက ပထမဆုရရှိသော ပုသိမ်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး စာသင်ဆောင်များ၌ ပညာသင်ကြားနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူးကုဆေးရုံ(မင်္ဂလာဒုံ) သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဆေးရုံအုပ်နှင့် တာဝန်ရှိသူတို့က ဆေးဝါးကုသပေးနေမှုအခြေအနေနှင့် ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နေမှုနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၌ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ဆောက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၃) လမ်းမကြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေမြောင်းတူးဖော်

ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင်၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေမြောင်းတူးဖော် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဆွေကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၂၇ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးထွေးဦးအား အီတလီသမ္မတနိုင်ငံ ရောမမြို့ရှိ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ Country Program မန်နေဂျာ Mr. Youqiong Wang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

(၂၅၈)ကြိမ်မြောက် အောင်ဘာလေထီ ကျပ်သိန်းတစ်ထောင်(အထူးဆုကြီး) ကံထူးရှင် ကိုစန်းယုအောင်(နေပြည်တော်)က ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းခွဲအတွက် မီးစက်နှင့် ရေစုပ်စက်မော်တာ ပန့်ဝယ်ယူနိုင်ရန် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ
မကွေးခရိုင်၌ ကျင်းပ

မကွေး ဇူလိုင် ၂၉

မကွေးခရိုင် စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ ပဉ္စမနှစ်ဖြစ်သော ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဇွန် ၃၀ရက် နံနက် ၉နာရီက ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်အဆင့်ဌာနဆိုင်ရာနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တာဝန်ပေးအပ်သည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် မကွေးခရိုင်၏ ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်သည်များကို မကွေးခရိုင် စီမံကိန်းဦးစီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

အမ်း၊ မြေပုံ၊ မင်းပြားမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဇူလိုင် ၂၃ရက်က အမ်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့အတွင်း ရန်ကုန်-စစ်တွေ ကားလမ်းတစ်လျှောက် လမ်း၊တံတားကွဲခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာ တုတ်ချောင်းတံတားနှင့် ရက်ချောင်းကျေးရွာရှိ ရက်ချောင်းတံတားတို့ ပြုပြင်မွမ်းမံတည်ဆောက်နေမှုများနှင့် ကားလမ်းရေတိုက်စားမှု ကာကွယ်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းပြားမြို့နယ် တပ်နယ်ခန်းမသို့ရောက်ရှိပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကမ်းနီ အခြေခံပညာအထက်တန်းကျောင်း စာသင်ကျောင်းဆောင်အသစ် တည်ဆောက်နေမှု အခြေအနေများနှင့် ပညာသင်ကြားနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် မင်းပြားမြို့နယ် စမ်ဘလေ ကျေးရွာ လက်တွန်းထွန်စက်များလွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးရာ တာဝန်ရှိသူတို့က လယ်ယာသုံး စက်ကိရိယာများကို လိုက်လံပြသရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် စိုက်ပျိုးရေးစခန်းရှင်းလင်းဆောင်၌ ဒေသခံကျေးရွာ တောင်သူများနှင့် တွေ့ဆုံ၍ လယ်ယာသုံး စက်ကိရိယာများကို လွှဲပြောင်းပေးအပ်ပြီး မင်းပြားမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုး ထားမှုအခြေအနေများနှင့် မင်းပြား-မြောက်ဦး ကားလမ်းဝဲယာတစ်လျှောက် မိုးစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(အပေါ်ပုံ) (သတင်းစဉ်)

သား/ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲ
ဝန်ကြီးဦးမောင်မောင်သိမ်း တက်ရောက်

ရန်ကုန် ဇူလိုင် ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် တနင်္သာရီ တိုင်း မြိတ်မြို့ရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန၌ ကျင်းပသည့် သား/ငါး ကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး သား/ငါး ကဏ္ဍ မွေးမြူ ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ ပင်လယ်ပြင်၌ ဖမ်းဆီးထုတ်လုပ်မှုနှင့် သယံဇာတ ထိန်းသိမ်းမှုလုပ်ငန်းများ ဟန်ချက်ညီညီဆောင်ရွက်သွားရေး၊ မွေးမြူရေးစခန်းများ၌ ဇီဝလုံခြုံမှုအမြဲသတိရှိဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။**(အောက်ပုံ)**

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တိုင်းဦးစီးဌာနမှူးများက အသားနှင့်ငါး ကဏ္ဍအလိုက် လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု၊ တိုးချဲ့မွေးမြူသူများအား စည်းရုံးဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြကြပြီး တက်ရောက်လာသော ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကိုတင်ပြရာ ဝန်ကြီးကလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြိတ်တောင်ရပ်ရှိ ထူးထူးတိုးကုမ္ပဏီလီမိတက်၏ အဆင့်မြင့် ဥစားကြက် မွေးမြူရေးစခန်း ရှင်းလင်းခန်းမသို့ရောက်ရှိပြီး တာဝန်ရှိသူများက အဆင့်မြင့် ဥစားကြက် ယူနစ်နှစ်ခုနှင့် ကြက်ငယ်ပြုစုရေးယူနစ်များတည်ဆောက် နေမှု၊ ကြက်မွေးမြူရေးစွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်၍ လျှပ်စစ်မီးအလင်း ရရှိအောင် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဥစားကြက်မွေးမြူရေးခြံများ၌ လေအေးပေးမှု၊ စွန့်ပစ်လေထုတ်စနစ်နှင့် ရေရရှိအောင် ဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်အညစ်အကြေးဖယ်ထုတ်ရန် ဆောင်ရွက်ထားမှု၊ ကြက်ငယ်ပြုစုရေးခြံများ ဖွဲ့စည်းဆောင်ရွက်ထားမှုနှင့် စွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်နိုင်ရန် တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဆိပ်ဖြူမြို့နယ်၌ဖွင့်

ဆိပ်ဖြူ ဇူလိုင် ၂၉

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန်၂၈ရက် မွန်းလွဲ ၂နာရီက ငွေသဲဖြူခန်းမ၌ကျင်းပရာ မကွေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး**(အောက်ပုံ)** တိုင်းဥပဒေအရာရှိ၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးတို့က ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၃၈ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေဒွာမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ပွဲကျင်းပ

ရေဒွာ ဇူလိုင် ၂၉

ရေဒွာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၉ရက် ညနေ ၃နာရီက ဝန်ထမ်းများ စာဖတ်ပွဲကျင်းပရာ ယင်းစာဖတ်ပွဲတွင် စာကြည့်တိုက် လက်ထောက်(၃)ဒေါ်တင်တင်ရွှေ၊ ရုပ်/သံကျွမ်းကျင်(၃) ဒေါ်မမေနှင့် ရုံးဝန်ထမ်း ဦးကုန်လျှန်တို့က ဖတ်ကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးဟာထန်းက ဒို့ကျေးရွာဂျာနယ်ပါ ဆောင်းပါးများကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဈေးမီးဘေးလုံခြုံရေးဆောင်ရွက်

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့်အဖွဲ့ ဇူလိုင် ၁၀ ရက်က ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး ပွင့်ဖြူမြို့နယ်၌ ဆောင်ရွက်

ပွင့်ဖြူ ဇူလိုင် ၂၉

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်း ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စံပြဝက်မွေးမြူရေးခြံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ရက် နံနက် ၉နာရီက ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဌေးနှင့် မကွေးတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမောင်လှိုင်တို့က အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေး၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကိုကိုနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစောလွင်၊ မကွေးဓာတ်ခွဲခန်းမှ ဒေါက်တာဒေါ်မာမာအေးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပို့ချ

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေ လေ့လာရေးနှင့် ရောဂါထောက်လှမ်းရေးအစီအစဉ်များ၊ လက်တွေ့ဆောင်ရွက်ရမည့် နည်းစနစ်များကို ဆွေးနွေးဟောပြောပို့ချခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အလီမှာ စာမှာရှိ

ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းထူထောင်ရေး တွံတေးမြို့နယ်၌ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၉

တွံတေးမြို့နယ် ကျောင်းကျန်းမာရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှု၊ မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းမှုဖြင့် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီက တွံတေးမြို့ အထက်တန်းကျောင်းခွဲ(မြို့မ) ရတနာခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာကျော့ခင်ခင်နှင့် ဒေါက်တာကြင်အုံး**(ဝဲပုံ)**တို့က ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၉)ချက်နှင့်အညီ အဆင့်မြင့်ကျောင်းများ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို ဆွေးနွေးပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် စံပြဆုရရှိကြသော ထက်၊လယ်၊မူ ကျောင်းများကို ဆုများချီးမြှင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဇူလိုင် ၂၄ရက်က မုံရွာခရိုင် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ၌ကျင်းပသော လည်ငေါက်-ချင်ပြစ် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး လမ်းဖွင့်ပွဲ အထိမ်းအမှတ်မှန်ဉီးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ တာဝန်ရှိသူများက ရန်ကုန်တိုင်းရှိ မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးနှင့် ကျဆင်းမှု မရှိစေရေးအတွက် ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး ပြည်သူများအား အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက်ရှိ ရွှေပြည်အေးလမ်း၊ ရွှေလဝင်းလမ်းနှင့် ချမ်းသာလမ်းတို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။ (ဝဲပုံ)

အလားတူသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်၊ ရွှေပြည်သာနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့၌ ယမန်နေ့ နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ်

ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Merck Ltd. မှ Department Manager, Ms.Piyada Soontornchalya နှင့် Sale & Marketing Manager,Ms, Angkana Kreeratiratanalak တို့သည် ဇူလိုင် ၂၃ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် စီးပွားရေးအခွင့်အလမ်းများဆိုင်ရာကိစ္စ၊ ပုံနှိပ်နှင့် ပလတ်စတစ် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲများနှင့် သင်တန်းများပူးပေါင်း ဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကာကွယ်ရေး

ဆီဆိုင်၌ စစ်ဆေး

ဆီဆိုင် ဇူလိုင် ၂၉

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဈေးမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း၌ ဆောက်လုပ်ထားသော မြေစိုက် အုတ်ရေလှောင်ကန် ဆောက်လုပ်ပြီးစီးမှုနှင့် မီးချိတ်၊ မီးကပ်၊ သဲနှင့် မီးသတ်ဆေးဘူးများ သုံးစွဲမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူး တင်မောင်ဝင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသောင်းထွန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ ဇူလိုင် ၁၅ရက်က လိုက်လံစစ်ဆေးရာ မြို့နယ်ဈေးတာဝန်ခံ ဦးမင်းမင်းထွန်းက ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

တနင်္သာရီ ဇူလိုင် ၂၉

တနင်္သာရီမြို့ မြို့နယ်ခန်းမဆောင်တွင် ဇူလိုင် ၇ရက် မွန်းလွဲ ၁နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ငွေသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မောင်းသူများ လိုက်နာရန်အချက်အလက်များ ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြို့နယ်တရားသူကြီး ဦးစောမျိုးမျိုးက ဥပဒေအကြောင်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲ ဇီးကုန်း၌ကျင်းပ

ဇီးကုန်း ဇူလိုင် ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲကို ဇွန် ၂၆ရက် မွန်းတည့် ၁၂နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းနှင့်အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့က ဂုဏ်ပြုငွေကျပ် တစ်သိန်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဂုဏ်ပြုငွေကျပ် ငါးသောင်းကို ချီးမြှင့်ပေးအပ်ရာ ဇီးကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်းက လက်ခံယူသည်။ **(အောက်ပုံ)**

ခင်းကျင်းပြသ

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု ဝတ်စား ဆင်ယင်မှုပြပွဲ ခင်းကျင်းပြသမှုများကို ကြည့်ရှုအားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၃၀-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဘာသာဋီကာ ကျမ်းပြုအကျော် ဆရာတော်
၇း၂၅ ၄။ ဓမ္မပူဇာတေး
၇း၃၀ ၅။ မျိုးချစ်တပ်မတော်
၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေအမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတ ချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -လွင်ပြင်ထဲကခြင်္သေ့များ (အပိုင်း-၄)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၆၆)
၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဈေးအတွင်းဂါလန် ၁၅၀၀ဆံ့ မီးသတ်အုတ်ရေကန်ဆောင်ရွက်နေမှုကို ဇွန် ၂၂ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ် ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

30-7 (07).pmd 1 7/30/2010, 2:23 AM

မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း သစ်တောစိုက်

ဝန်ကြီး ဦးသိန်းအောင် စစ်ဆေး၊ ရည်မှန်းချက်အောင်မြင်ရေး

နေပြည်တော် ဇူလိုင် ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ရက် နံနက်ပိုင် ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ရှင်းလင်းဆောင်၌ မကွေးမြို့ပေါ်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်း အောင်မြင်ရေးကိစ္စများကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မကွေးမြို့နယ် ဒေါင်းနေ ကြိုးပြင်ကာကွယ်တောအတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၂၀၁၀ခုနှစ် စိုက်ခင်းဧက ၅၀၀သို့ ရောက်ရှိရာ ဦးစီးအရာရှိနှင့် ညွှန်ကြားရေးမှူးတို့က စိုက်ခင်းစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ရေနံချောင်းမြို့နယ် ကျောက်မဆင်ကျေးရွာ၌ ညွှန်ကြားရေး မှူး ဦးဝင်းမောင်၏ ထင်းအစား အခြားလောင်စာအသုံးပြု စံပြကျေးရွာအဖြစ် အိမ်တိုင်း စွမ်းအားမြင့်မီးဖို အသုံးပြုနေမှု၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးထားရှိမှုနှင့် တစ်ရွာတစ်ဧက သစ်မာစိုက်ခင်း စိုက်ပျိုးထားရှိမှုများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေနံချောင်းမြို့နယ
စိမ်းလန်းစိုပြည်ရေးစိုက်ခင်း ဧက ၄၀၀သို့ရော
ပြန်လည်စိမ်းလန်းစိုပြည်ရေးစီမံချက်အရ စိုက်ပျ
အောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေ
ယင်းနောက် ချောက်မြို့နယ် ဝွေးပင်ကျေးရွ
သစ်တောဦးစီးဌာန၏ တစ်အိမ်ထောင် ကျွန်းသုံးပ
ထားရှိမှုနှင့် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလ
စိုက်ခင်း ဧက ၉၀၀အတွင်း တမာနှင့်သစ်မျိုးစုံ အပ
ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှေပုံတောင်ကျေ
တစ်ဧက၊ ညောင်ဦးမြို့နယ် မြေသန့်တောင်ရွာ၌ ဂေ
သစ်မာတစ်ဧကနှင့် တစ်အိမ်ထောင် ကျွန်းသုံးပင
ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်
ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသ
တောင်၌ Korea International Corporatio
အထောက်အပံ့ဖြင့် စိုက်ပျိုးထားသော အပူပိုင်း
စိုက်ခင်းဧက ၃၇၀ စိုက်ပျိုးထားရှိမှုနှင့် စိုက်
အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။
ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည်
ထုတ်လုပ်မှုကုမ္ပဏီလီမိတက် ပုပ္ပားတောင် လက်
ရောက်ရှိပြီး လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်း ဧက ၉၀၀အတွင်း တမာနှင့် သစ်မျိုးစုံ အပင် ၆၀၀၀၀ ဖြည့်စွက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

မကွေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သရက်ခရိုင် အောင်လံ၊ သရက်၊ ဆင်ပေါင်ဝဲမြို့နယ်တို့၌

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၉

မကွေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် တိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ဇူလိုင် ၂၄ရက်တွင် အောင်လံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သရက်ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ အောင်လံမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း၊ ဇူလိုင် ၂၅ရက်တွင် သရက်ခရိုင်အတွင်းရှိ သရက်၊ ဆင်ပေါင်ဝဲမြို့နယ်တို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမများ၌ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းစည်းဝေးပြီး မဲရုံပြုလုပ်မည့်နေရာ၊ အဆောက်အအုံ၊ မဲရုံနယ်မြေများ ပိုင်းခြားသတ်မှတ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ကို ဇူလိုင် ၁၂ရက်က ဦးစီးအရာရှိ ဦးဖစု ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကတ္တရာလမ်းခင်းရန် ကျောက်များစုဆောင်း

ကွမ်းလုံ ဇူလိုင် ၂၉

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်း (တိုးချဲ့/အသစ်) ရဲမာန်အောင်လမ်း ကတ္တရာခင်းရန်အတွက် ကျောက်များစုဆောင်းပြီးစီးမှုကို ဇူလိုင် ၁၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မင်းထွန်းက ရှင်းလင်းတင်ပြသည်။

(ပြည်နယ် ပြန်/ဆက်)

ကုန်သွယ်ရေကြောင်းသင်တန်းများ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ Maritime Training Centre (Hlaing) က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်း သင်္ဘောသားများအတွက် သင်တန်းများကို ဩဂုတ် ၄ရက်မှ စတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

တိုက်ရိုက်စစ်ဆေး

Maritime Training Centre (Hlaing) သည် UK နိုင်ငံ Glasgow က စစ်ဆေးအတည်ပြုပေးထားသော APPROVED TEST CENTRE ဖြစ်ပြီး MARLINS ENGLISH FOR SEAFARERS သင်တန်းတက်ရောက် အောင်မြင်သူများအား MARLINS ENGLISH, UK မှ အောင်လက်မှတ်များကို ONLINE စနစ်ဖြင့် တိုက်ရိုက်စစ်ဆေး ထုတ်ပေးမည်ဖြစ်သည်။

သင်ကြားပေး

Basic Computer Training for Seafarers သင်တန်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်း သင်္ဘောသားများ အထူးသဖြင့် DECKIENGINE အရာရှိများအတွက် လိုအပ်သော သင်တန်းဖြစ်ပြီး အခြေခံကွန်ပျူတာနှင့် အင်တာနက်၊ အီးမေးလ် အသုံးပြုနည်းများကို သင်ကြားပေးမည်ဖြစ်သည်။

ရည်ရွယ်ဖွင့်လှစ်

Guide to Preventive Maintenance and Port State Control (PMS INCLUDED) သင်တန်းသည် သင်္ဘောအရာရှိများအားလုံး (DECKIENGINE / E / O) များ သင်္ဘောပေါ်တွင် အသက်အန္တရာယ်ကင်းရှင်းရေး (Accident Prevention)နှင့် Port State Control/ Class Inspection များကို အခက်အခဲမရှိ အောင်မြင်နိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းသင်တန်းတွင် ONLINE စနစ်ဖြင့် (Plan Maintenance System) များကို ဆောင်ရွက်နိုင်ရန် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းများအားလုံးကို ဩဂုတ် ၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် MTC (Hlaing) ဖုန်း-၇၀၃၂၃၂သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ် ဥက္ကဋ္ဌဒိုင်း ဘောလုံးဗိုလ်လုပွဲ ကျင်းပ

တောင်ကြီး ဇူလိုင် ၂၉

၂၀၁၀ခုနှစ် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒိုင်း ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၄ရက်က ရွှေညောင်ဘောလုံးကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် ကျောင်းကြီးစုရပ်ကွက် ဘောလုံးအသင်းက ဘုရားဖြူရပ်ကွက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး အသန့်ရှင်းဆုံးဆုကို တောင်လေးလုံးကျေးရွာ အသင်းက ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုတံဆိပ်၊ အသင်းလိုက်ငွေသားဆု၊ နေရာအလိုက် အကောင်းဆုံးဆု၊ အသန့်ရှင်းဆုံး ဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး နေထွန်း၊ မြို့နယ်ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညွှန့် (တော်ဝင်)တို့က ပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဒိုင်း

ဆက်လက်၍ ပထမဆုရ ကျောင်းကြီးစု ရပ်ကွက် အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်က ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(မြို့နယ်အား/ကာ)

မြို့နယ်ဥက္ကဋ္ဌ ဒိုင်း ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် ပထမဆုရ ကျောင်းကြီးစုရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌက ငွေသားဆုနှင့် တံခွန်စိုက် ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ်အား/ကာ)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား စွန့်စွန့်စားစား

ကိုသစ္စာ - ရေးသားသည်

အသက် ၁၄နှစ်ရှိ ဒတ်ချ် မိန်းကလေးငယ် တစ်ဦးတည်း ကမ္ဘာတစ်ပတ် ရွက်လွှင့်မည်

ကမ္ဘာတစ်ပတ်ကို ရေလမ်းခရီးဖြင့် ရွက်လွှင့်သွားရန် ဒတ်ချ်နိုင်ငံသူ အသက် ၁၄နှစ်အရွယ် လောရာဒက်ကာအမည်ရှိ မိန်းကလေးငယ် တစ်ဦးက လာမည့်သီတင်းနှစ်ပတ်အတွင်း စတင်စွန့်စားတော့မည် ဖြစ်သည်။

ခွင့်ပြု

လောရာဒက်ကာသည် အသက် ၁၃နှစ်အရွယ် ၂၀၀၉ခုနှစ်ကတည်းက ကမ္ဘာတစ်ပတ်ကို တစ်ဦးတည်းရွက်လွှင့်ခရီးနှင်ခွင့်ပြုရန် တာဝန်ရှိသူများထံ ခွင့်ပြုချက်တောင်းခံထားခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၀ခုနှစ်မှသာ ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်သည်။ လောရာဒက်ကာသည် အရှည် ၃၈ပေရှိသည့် ရွက်လှေကို အသုံးပြုကာ သူမအကြိုက်နှစ်သက်ဆုံး အနီရောင်လွှမ်းနေသော အသက်ကယ်ပစ္စည်း ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ တင်ကာ ပေါ်တူဂီနိုင်ငံ မစ်ဒယ်ဘက်ဆိပ်ကမ်းမှ စတင်ရွက်လွှင့်ရန် စီစဉ်ထားသည်။



ကြာမြင့်မည်

ကမ္ဘာတစ်ပတ်ရွက်လွှင့်မည့် လောရာဒက်ကာသည် အာဖရိက၊ အေဒင်ပင်လယ်ကွေ့တို့ အပါအဝင် ကမ္ဘာ့နာမည်ကြီး ဆိပ်ကမ်းများကို ဝင်ရောက်ဆိုက်ကပ်သွားမည်ဖြစ်ရာ နှစ်နှစ်ခန့်ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။ အောင်မြင်မှုရရှိပါက ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး တစ်ဦးတည်း ရွက်လွှင့်ကမ္ဘာပတ်နိုင်သူ မိန်းကလေးအဖြစ် မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ ။ (အင်တာနက်)

ရန်ကုန်ခရီးသွားဂျ
အတွဲ(၃)၊ အမှတ်(၈)

ရန်ကုန် ဇူလိုင် ၂

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်း
က ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(
ထုတ်ဝေဖြန့်ချိလိုက်သည်။
ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျ
(ကျောက်မဲ)၊ တင်မိုးတို့၏ ကဗျာများ၊ ခင်မြန်မ
ဇော်မင်းကြီး၊ သောကြာကြယ်၊ ရွှေကိုဦး၊ ကာတွ
ကာတွန်းကဏ္ဍ၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်
မောင်ကောင်းမြင့်၊ မောင်ရတနာ၊ ကပ္ပိယတစ်
ရဲမြင့်နောင်၊ မောင်မောင်(ယထ)၊ ကိုမူကြို၊
(မထသ)၊ ခင်မောင်ကြွယ်၊ ဒေါက်တာဒေါ်စိုးသူ၊
မိချမ်းဝေ၊ ကျိုက်လတ်မိုးမြင့်၊ ပြည်စိုး၊ ဖိုး
မျိုးမြင့်(လှည်းကူး)၊ နွယ်ဇင်ဦး(မြန်မာစာ)၊
ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ကျော
ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်း
၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တ
ကဏ္ဍများ ပါဝင်သည်။
ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာ
ဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့်
ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြ
စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွှန့်
၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသ

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသ
လည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ
ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည
သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာ

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအ
သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော
အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေး

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွ

...တိုင်းအတွင်း သစ်တောစိုက်ခင်းများ

...ဆေး၊ ရည်မှန်းချက်အောင်မြင်ရေး မှာကြား

...ပြည်တော် ဇူလိုင် ၂၉

...တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ရက် နံနက်ပိုင်းက မကွေးမြို့ ပြည်တွင်း...ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းရည်မှန်းချက်များ ပြီးမြောက်...

ဆက်လက်၍ ဝန်ကြီးသည် ရေနံချောင်းမြို့နယ် ၂၀၁၀ခုနှစ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ဧက ၄၀၀သို့ရောက်ရှိပြီး ရေနံမြေဒေသများ ပြန်လည်စိမ်းလန်းစိုပြည်ရေးစီမံချက်အရ စိုက်ပျိုးထားရှိသည့် စိုက်ခင်းများ အောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ချောက်မြို့နယ် ငွေးပင်ကျေးရွာနှင့် တောင်နောက်ရွာတို့၌ သစ်တောဦးစီးဌာန၏ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးထားရှိမှုနှင့် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၀၇ခုနှစ်စိုက်ခင်း ဧက ၉၀၀အတွင်း တမာနှင့်သစ်မျိုးစုံ အပင် ၆၀၀၀၀ ဖြည့်စွက်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှေပုံတောင်ကျေးရွာ တစ်ရွာသစ်မာစိုက်ခင်း တစ်ဧက၊ ညောင်ဦးမြို့နယ် မြေသန့်တောင်ရွာ၌ ကျေးရွာပိုင် သစ်တောစိုက်ခင်း၊ သစ်မာတစ်ဧကနှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ဦးမြို့နယ် ဘူးကင်းတောင်၌ Korea International Corporation Agency (KOICA) ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးထားသော အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၃၇၀ စိုက်ပျိုးထားရှိမှုနှင့် စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် တင်ဝင်းထွန်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက် ပုပ္ပားတောင် လက်ဖက်စိုက်ခင်း ဧက ၃၀၀သို့ ရောက်ရှိပြီး လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၉

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) က ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ကို ဇူလိုင် ၂၈ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် ကျော်ဝင်းအောင် (ကျောက်မဲ)၊ တင်မိုးတို့၏ ကဗျာများ၊ ခင်မြန်မာ၏ ကလေးလူငယ်ကဏ္ဍ၊ ဇော်မင်းကြီး၊ သောကြာကြယ်၊ ရွှေကိုဦး၊ ကာတွန်းစောဟန်တို့၏ ခရီးသွား ကာတွန်းကဏ္ဍ၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်)၊ ဓမ္မာစရိယ ဦးခင်မောင်၊ မောင်ကောင်းမြင့်၊ မောင်ရတနာ၊ ကပ္ပိယတစ်ဦး၊ ဖေမြင့်၊ ကောင်းသန့်၊ ရဲမြင့်နောင်၊ မောင်မောင်(ယထ)၊ ကိုမူကြို၊ မကြွယ်ကြွယ်၊ အောင်မင်း (မထသ)၊ ခင်မောင်ကြွယ်၊ ဒေါက်တာဒေါ်စိုးသူ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မိချမ်းဝေ၊ ကျိုက်လတ်မိုးမြင့်၊ ပြည်စိုး၊ ဖိုးအေး(မြို့မ)၊ ကေတုလှနိုင်၊ မျိုးမြင့်(လှည်းကူး)၊ နွယ်ဇင်ဦး(မြန်မာစာ)၊ လင်းမြတ်(မြန်မာစာ)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ကျော်ငွေး(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ဖိုးသာအောင်၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာ ကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသ ဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေး စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၁၀၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

...အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

...ဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများ ...နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ...ည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် ...ာယ်ရှိသည်။

...ရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

...သန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ် ...သတိပြုပါ။

...ရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

...ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ ...။

...ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

...ကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

* *ကျောဖုံးမှ*

ဟင်္သာတမြို့မှ မြို့မိမြို့ဖ ဦးသန်းထွန်းက ''ကျွန်တော်တို့ ဟင်္သာတမြို့နယ်က ဒူးယားကျေးရွာ၊ သဲဖြူကျေးရွာနဲ့ ဇလွန်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ညောင်တုန်းမြို့နယ်တွေက ပြည်သူတွေအတွက် မီးရထားလမ်းဆိုတာ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ တစ်ချိန်ကဆိုရင် ပုသိမ်ကနေ ရန်ကုန်ကို ရထားနဲ့ ခရီးသွားလိုလျှင် ပုသိမ်ကနေ ဟင်္သာတကို ရထားစီးရပါတယ်။ ဟင်္သာတမြို့ကနေ ဧရာဝတီမြစ်ကို ကူးတို့သင်္ဘောနဲ့ဖြတ်ကျော်ပြီး ဟင်္သာတမြို့တစ်ဖက်ကမ်း သာရဝေါ ဆိပ်ကမ်း မီးရထားဘူတာကနေ သာရဝေါ၊ လက်ပံတန်း၊ သာယာဝတီ၊ သုံးဆယ်၊ တိုက်ကြီး၊ မှော်ဘီမြို့တွေကိုဖြတ်ပြီး တစ်နေကုန်တစ်နေခန်း တမေ့တမြော စီးကြရပါတယ်။

ဝမ်းမြောက်ဝမ်းသာ

''ဒီကနေ့ ဖွင့်လှစ်လိုက်တဲ့ ဟင်္သာတ-ဇလွန်လမ်းပိုင်းကတစ်ဆင့်

ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်း တစ်နေရာကို တွေ့ရစဉ်။

ဖောက်လုပ်ဆဲ ဟင်္သာတ-ဓနုဖြူ-စကြေ့(ညောင်တုန်း) ရထားလမ်း ၄၈မိုင်ကနေ ဒေသထွက်ကုန် ဆန်စပါး၊ ပဲမျိုးစုံ၊ ဂုန်လျှော်၊ ငှက်ပျောနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေပါ ရန်ကုန်ကို မီးရထားနဲ့ တင်ပို့နိုင်မှာဖြစ်ပါတယ်'' ဟု ဝမ်းမြောက်ဝမ်းသာ ဆိုရှာသည်။

ဟင်္သာတ - ဓနုဖြူ - စကြေ့ (ညောင်တုန်း)ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဟင်္သာတ-ဇလွန် လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများ အထူးဝမ်းမြောက်ပျော်ရွှင်ခဲ့ကြ၏။

အုန်းအုန်းကျွက်ကျွက်

ဟင်္သာတ - ဓနုဖြူ - စကြေ့ (ညောင်တုန်း) ရထားလမ်း ၄၈မိုင် နှင့် ပုသိမ် (ဘဲဂရက်)-ညောင်တုန်း- ရန်ကုန် (လှိုင်သာယာ) ရထားလမ်း ၈၉မိုင် အပါအဝင် စီမံကိန်းကြီး တစ်ခုလုံး ပြီးစီးခဲ့ပါမူ ဒေသခံပြည်သူများ တိုင်းလုံးကျွတ်မျှ အုန်းအုန်းကျွက်ကျွက်ဖြင့် ပျော်ရွှင်ကြပါဦးမည်။

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ ရက်။

ရာဇူဒိုင်မြစ်၏ ရေအလျဉ်သည် တသွင်သွင်စီးဆင်းနေသည်။ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတားအမှတ်(၁) ဖွင့်ပွဲအခမ်းအနား အပြီးတွင် တံတားပေါ်မှ ဖြတ်သန်းသွားလာကြသော ဒေသခံပြည်သူများ၏ မျက်နှာများကား ဝမ်းမြောက်ပီတိအပြည့်ဖြင့်။

တိုးတက်ဖြစ်ပေါ်

မော်လမြိုင်ကျွန်းမြို့မှ မြို့မိမြို့ဖ ဦးအောင်ဇော်လှိုင်က ''ယခင်က မော်လမြိုင်ကျွန်းမြို့ကနေ ရန်ကုန်မြို့ကို ရေယာဉ်နဲ့သွားရင် ၁၂ နာရီကြာ သွားခဲ့ရတယ်။ အခု ရာဇူဒိုင်တံတား အမှတ်(၁)ကို ဖွင့်လှစ်လိုက်တဲ့အတွက် ရန်ကုန်မြို့ကို သုံးနာရီအတွင်း သွားရောက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကြောင့် ကျွန်တော်တို့ မော်လမြိုင်ကျွန်းမြို့ဟာ ကုန်းလမ်းရဲ့ လမ်းဆုံမြို့တစ်မြို့အဖြစ် တိုးတက်ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်''

ဟု ဝမ်းမြောက်ရွှင်လန်းစွာ ပြောကြားသည်။

မှန်ပေသည်။ ရာဇူဒိုင်တံတား အမှတ်(၂)နှင့် ယခု အမှတ်(၁)တို့ကို ဖွင့်လှစ်နိုင်ခဲ့၍ မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြားမဟုတ်တော့၊ ပတ်ဝန်းကျင်ဒေသများနှင့် ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့ချေပြီ။

အလျှံပယ်ထုတ်လုပ်

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြေဆီမြေနှစ် ကောင်းမွန်ပြီး သဘာဝ သယံဇာတအားဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အလွန်ပေါများသဖြင့် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါးနှင့် ဆားအပါအဝင် ရေထွက်ကုန်ပစ္စည်းများ အလျှံပယ် ထုတ်လုပ်ပေးနေသော ဒေသကြီးတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆန်အိုးကြီး၊ စပါးကျီကြီးအဖြစ် ခေတ်အဆက်ဆက် ပြည်တွင်းစားသုံးမှုအတွက် သာမက ဒေသတွင်းနိုင်ငံများ၏ စားနပ်ရိက္ခာ ဖူလုံရေးကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် ဒေသကြီးလည်း ဖြစ်သည်။

အောင်မြင်စွာဖွင့်လှစ်

အမှန်တော့ တိုင်းဒေသ၏ ခမ်းနားထည်ဝါသော နေ့ရက်များသည် ၁၉၉၈ခုနှစ်နောက်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရာတွင် သဘာဝ ပထဝီမြေအနေအထားအရ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့ရာ ယခုမူ ပေ ၁၈၀အောက် တံတား ၃၁၂စင်းနှင့် ပေ ၁၈၀အထက် စီမံကိန်းဝင် တံတားကြီး အစင်း ၅၀မြောက်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ဧရာဝတီတိုင်းအတွင်းရှိ ပေ ၁၈၀အထက် တံတားကြီး လေးစင်းကိုလည်း တည်ဆောက်လျက်ရှိသည်။

အသစ်ဖောက်လုပ်

အလားတူ ပုသိမ်-မုံရွာလမ်းမကြီးနှင့်အတူ သဘာဝဘေးအန္တရာယ် ကျရောက်လာခဲ့လျှင် အရေးပေါ် သယ်ယူရွှေ့ပြောင်း ကယ်တင်နိုင်ရေးအတွက်သာမက ဒေသထွက်ကုန်ပစ္စည်းများကို ကုန်းလမ်းခရီးဖြင့် အနယ်နယ်အရပ်ရပ်သို့ သယ်ယူပို့ဆောင်ပေးနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် ဘက်စုံအသုံးပြုနိုင်သော မော်တော်ကားလမ်း ခုနစ်ခုနှင့် လမ်းဟောင်း သုံးခုတို့ကို အသစ်ဖောက်လုပ်ပြင်ဆင်ပေးခဲ့ရာ ယနေ့အချိန်တွင် မိုင်ပေါင်း ၄၂၀ကျော်ရှိသည့် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ကြီးတစ်ခုကိုလည်း လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။

ဆက်စပ်ဖောက်လုပ်

မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အထူးပင်ပေါများလှသည့် ဧရာဝတီတိုင်းအတွင်း၌ ယခုကဲ့သို့ မော်တော်ကားလမ်းများ တိုးချဲ့ပေးရုံသာမက ယခင်ရှိပြီးသား ပုသိမ် - ကြံခင်း ရထားလမ်းကို ဆက်စပ်ပြီး ကြံခင်း-ပခုက္ကူရထားလမ်း၊ ပုသိမ် (ဘဲဂရက်) မှ အိမ်မဲ-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်းနှင့် ဟင်္သာတ-ဓနုဖြူ-စကြေ့(ညောင်တုန်း) ရထားလမ်းတို့ကို ဆက်စပ်ဖောက်လုပ်လျက်ရှိပြီး ဖောက်လုပ်ပြီး ရထားလမ်းများကိုလည်း အပိုင်းလိုက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အရှိန်အဟုန်မြှင့်တင်

ကျန်ရှိသည့် ရထားလမ်းပိုင်းများကိုလည်း အရှိန်အဟုန်မြှင့်တင်

''မော်လမြိုင်ကျွန်းမြို့ဟာ အခုဆို လမ်းဆုံမြို့ ဖြစ်လာပါပြီ။ ရာဇူဒိုင်တံတားအမှတ်(၁) ဖွင့်လှစ်လိုက်တဲ့အတွက် ရန်ကုန်မြို့ကို သုံးနာရီအတွင်း သွားရောက်နိုင်တော့မှာ ဖြစ်ပါတယ်''

ဦးအောင်ဇော်လှိုင်
(မော်လမြိုင်ကျွန်းမြို့)

ဖောက်လုပ်နေပြီ ဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် ရေကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းများနှင့်ပါ ပြည်ထောင်စု၏ ဒေသအသီးသီးသို့ ကူးလူးဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်သည့်အတွက် စီးပွားရေး အဖွံ့ဖြိုးဆုံးတိုင်းဒေသကြီးတစ်ခုအဖြစ် ဧကန်မုချ ရောက်ရှိလာတော့မည် ဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီတိုင်းအတွင်း လက်ရှိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် အနာဂတ်လုပ်ငန်းအစီအစဉ်များသည် နောင် သားစဉ်မြေးဆက်အထိ ခံစား စံစားနိုင်မည့် အနာဂတ် နိုင်ငံတော်သစ်အတွက် အခြေခံ အုတ်မြစ်များပင် ဖြစ်ပေသည်။

ကိုယ့်ခွန်ကိုယ့်အား

ဤအခြေခံ အဆောက်အအုံများကား လွယ်လွယ်ကူကူ ဖြစ်ထွန်း

''ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်း ဖွင့်လှစ်ခဲ့တဲ့အတွက် ဖောက်လုပ်ဆဲ ဟင်္သာတ-ဓနုဖြူ-စကြေ့(ညောင်တုန်း) ရထားလမ်းနှင့် ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်းပိုင်းများက တစ်ဆင့် ဒေသထွက်ကုန်များကို ရန်ကုန်မြို့သို့ မီးရထားဖြင့် တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်''

ဦးသန်းထွန်း
(ဟင်္သာတမြို့)

ပေါ်ပေါက်လာခဲ့ရခြင်း မဟုတ်။ နိုင်ငံတော်က ကိုယ့်ခွန်ကိုယ့်အားဖြင့် ငွေကြေးအကုန်အကျ မြောက်မြားစွာ၊ အရင်းအနှီး အတတ်ပညာပေါင်း မြောက်မြားစွာစိုက်ထုတ်ပြီး ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပေသည်။ အပြော လွယ်သလောက် အလုပ်ခက်ပါ၏။ ရောမမြို့ကြီးကို အပြောနှင့် တစ်ရက်တည်း တည်ဆောက်နိုင်သော်လည်း လက်တွေ့အလုပ်များကိုမူ မိုင်ပေါင်း တစ်သိန်းကို ခြေတစ်လှမ်းတည်းဖြင့်သာ စတင်ခဲ့ရခြင်းဖြစ်၏။ ဤသည်ကို ဧရာဝတီ သိပါ၏။ ကမ္ဘာတည်သရွေ့ ဧရာဝတီက သက်သေတည်နေပါလိမ့်မည်ဟု ဆိုလိုက်ပါရစေ။ ။

ရထားစတင်ပြေးဆွဲ

ဟင်္သာတ-ဇလွန် ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကို

မိပြည်ချစ်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပနေစဉ်ကဖြစ်သည်။ ဘောလုံးပွဲတွင် ပရိသတ်က တစ်ခဲနက် လက်သီးလက်မောင်းတန်း အော်ကာဟစ်ကာခုန်ပေါက်ကာ အားပါးတရအားပေးလျက်ရှိကြသည်။ မိမိတို့အသင်း တစ်ဂိုးရပါက နိုင်ငံအလံ၊ အသင်းအလံများ ဝှေ့ယမ်းကာ အော်ဟစ်မြူးထူးကြသည်ကို မြင်ရနိုင်ပါသည်။ ဘောလုံးပွဲမှသည် အမိနိုင်ငံတော်အရေးအထိ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားပြင်းထန်လာစေသည်ကို တွေ့ရပါသည်။ ကိုယ့်နိုင်ငံပြီးပါက ကိုယ့်ဒေသ (အာရှသား၊ အာဖရိကသား၊ ဥရောပသား၊ အမေရိကသား စသဖြင့်)ကို တစ်ခဲနက်အားပေးကာ အနိုင်ရစေလိုသော တူညီစိတ်ဆန္ဒများ ရှိနေကြသည်ကိုလည်း မြင်တွေ့နိုင်ပါသည်။ ဤသည်ပင် အမျိုးသားရေးစိတ်ဓာတ်၊ ကိုယ့်အမျိုး၊ ကိုယ့်နိုင်ငံကိုချစ်သော စိတ်ဓာတ်ဖြစ်ကြောင်း သိမြင်ခံစားနိုင်ပါသည်။

ဘောလုံးသမားများ ကိုယ်တိုင်ကလည်း အမိနိုင်ငံကို ကိုယ်စားပြုကြရသဖြင့် အလွန်ဂုဏ်ယူဝင့်ကြွားနေကြပါသည်။ နိုင်ငံတော်သီချင်းကို စိတ်ပါလက်ပါ သေသေချာချာသီဆိုကြပြီး ကွင်းထဲဝင်သည်နှင့် ကွင်းမြေကိုထိကာ ဆုတောင်းခြင်း၊ ဘုရားဆုတောင်းခြင်း၊ ဘုရားစာများ ရွတ်ဆိုခြင်း၊ ဂိုးတိုင်ကို နဖူးနှင့်ထိကာ အလေးထား ဆုတောင်းခြင်း၊ လက်ချင်းဆက် ခေါင်းချင်းဆိုင်ကာ သန္နိဋ္ဌာန်ပြုခြင်း၊ အချင်းချင်း အားပေး ကတိပြုကြခြင်းများကို မြင်တွေ့ရသည်မှာ နှစ်ထောင်းအားရလွန်း၍ ကြက်သီးများပင် ထလာစေပါသည်။

တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ထက်၊ နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ သာသနာအတွက်ဖြစ်လာပါက အသက်ပင်စွန့်နိုင်သော အမျိုးသားစိတ်များ အလိုလိုနိုးကြားစည်းလုံးလာစေသော စိတ်ဓာတ်ရေးရာ အနှစ်သာရကို မြင်တွေ့ကြရမည်ဖြစ်သည်။ ရှုံးနိမ့်ပါက နိုင်ငံတစ်ဝန်းလုံး အားပေးကြသူများ ဝမ်းနည်းပက်လက် ငိုကြွေးနေကြသည်ကိုလည်း မြင်တွေ့ရပါမည်။

မိမိကိုယ်မိမိ၊ ပြီးလျှင် မိမိသားချင်းများ၊ ပြီးလျှင် ပတ်ဝန်းကျင်ရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ ထို့ထက်ပိုလျှင် တစ်ရေတည်းသောက် တစ်မြေတည်းနေသူများမှသည် နိုင်ငံနှင့် လူမျိုးအဆင့်အထိ ကျယ်ပြန့်သွားသော အမျိုးသားရေးစိတ်ဓာတ်များ ယှဉ်ပြိုင်နေကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့လူသားတိုင်းသည် အမျိုးချစ်သူ၊ နိုင်ငံချစ်သူ၊ ဒေသချစ်သူများချည်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

တစ်မျိုးသားလုံးနှင့် သက်ဆိုင်လာပါက အမျိုးသားသီချင်း၊ အမျိုးသားစိတ်၊ နိုင်ငံချစ်စိတ်များသည် ကောင်းသောစိတ်များ ဖြစ်ပါသည်။ ထိုစိတ်တည်ရာ "ကိုယ်"သည်ပင် တစ်ကိုယ်တည်းနှင့် မသက်ဆိုင်တော့ဘဲ အများနှင့်သက်ဆိုင်သောကိုယ် ဖြစ်လာပေသည်။ ထို့ကြောင့် မိမိ၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော အမူအရာ၊ ကြံစည်တွေးဆမှု၊ ပြောဆိုဆက်ဆံမှုများကို ထိန်းချုပ်ကာ အများနှင့်သက်ဆိုင်သော နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဦးတည်လုပ်ဆောင်မှုဖြစ်အောင် ကြိုးပမ်းကြရပေမည်။

ကိုယ့်တိုးတက်မှုရစေရန် တစ်ဦးချင်းကြိုးစားပြီး၊ ရုန်းကန်ပြီး၊ ကျားကုတ်ကျားခဲ အားသွင်းပြီး ဝီရိယစိုက်ကြိုးစားကာ ပညာရှာကြသည်။ ပညာကိုအခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရယူကြသည်။ ထိုမှတစ်ဆင့် ဝင်ငွေကောင်းလာကာ လူနေမှုအဆင့်များ မြင့်မားလာပါသည်။ မိမိအတွက် အခြေခံကောင်းများ တည်ဆောက် အောင်မြင်ပြီးသောအခါ ညီအစ်ကိုမောင်နှမ သားချင်းများအတွက် ကူပံ့ပေးလိုစိတ်ဖြစ်ကာ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထိုသို့ ဆွေမျိုးသားချင်းများ လွန်မြောက်ပါက သူငယ်ချင်းမိတ်ဆွေတို့ကို စက်ဝန်းချဲ့လာနိုင်ပါသည်။

မွေးစမှသည် သေခြင်းအဆုံးမရောက်မီကာလများကို လူသားတိုင်း ရုန်းကန်ဖြတ်သန်းကြရပေမည်။ ဖြတ်သန်းရာတွင် တစ်ဦးချင်းစီ၏ ခံယူချက်၊ မိဘ၏ ဆိုဆုံးမမှု၊ ဗုဒ္ဓ၏အဆုံးအမများ၊ ဖြတ်သန်းခဲ့ရသော ဝန်းကျင်၏ အနေအထားနှင့် အတွေ့အကြုံများအရ အရောင်စုံ အသွေးစုံ၊ ပုံသဏ္ဌာန်စုံ ဖြစ်ပေါ်လာပေသည်။ မည်သို့ပင် ကွဲပြားပါစေ အားလုံးက ကောင်းကျိုး လိုလားသောစိတ်နှင့် ပြုပြင်ကြိုးပမ်းတည်ဆောက်ကြပါလျှင် "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကို"ကမ္ဘာ့အလယ်တင့်တယ်စေနိုင်ပါလိမ့်မည်။

လူတစ်ဦးစီ၊ တစ်ယောက်စီ၏ အခြေခံအနေအထားကို ပထမဆုံး ပြုပြင်တည်ဆောက်ရန်လိုပါသည်။ အခြေခံပညာမတတ်ပါက ကကြီးကို ပုတ်လောက်ရေးပြသော်လည်း မရနိုင်ပါ။ ထို့ကြောင့် မိသားစုတိုင်းသည် ကလေးများကို ကျောင်းသို့ ပို့ပေးနိုင်ရန် ကြိုးစားကြရပေမည်။ ပတ်ဝန်းကျင်ကလည်း ကလေးတစ်ယောက် ကျောင်းသို့ရောက်နိုင်စေရန် အကူအညီပေးသင့်ပါသည်။ ပြောင်းရွှေ့လုပ်သားမှလွဲလျှင် ကျေးရွာများ၌ အခြေတကျ နေထိုင်သူအများစုမှာ ရပ်ဆွေရပ်မျိုး အများစုဖြစ်သောကြောင့် အားလုံးဝိုင်းဝန်းလိုက်လျှင် မူလတန်းအဆင့်ပညာကို သင်ကြားတတ်မြောက်စေနိုင်ပါသည်။ အရေးအဖတ်အတွက် အခြေခံရပြီးလျှင် ရှေ့ဆက်ရန် မခက်ခဲပါ။

ထို့အတူ အခြေခံပညာအလယ်တန်း၊ အခြေခံပညာအထက်တန်း တက်ခွင့်ရသူများသည်လည်း အထက်တန်းအောင်မြင်ရန် မဖြစ်မနေ လိုအပ်ပါသည်။ အခြေခံပညာအထက်တန်းအဆင့်ကို ကျော်လွန်ပြီး ဟိုမှာဘက်တွင် မက်စရာအိပ်မက်များ များစွာရှိနေသလို အိပ်မက်မက်နိုင်ခွင့်များ၊ ရည်မှန်းချက်ပန်းတိုင်အသစ်များ "များစွာ"က လက်ယပ်ခေါ်နေပါသည်။

ပညာတွင် အခြေခံပညာလိုအပ်သလို အခြားတစ်ဖက်မှလည်း ဗုဒ္ဓ၏ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားများ၊ ကုသိုလ် အကုသိုလ်တရားများ၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများ၊ ဆရာတော်များ၏ ဆိုဆုံးမမှုများ၊ လူ့ကျင့်ဝတ်လမ်းညွှန်များ၊ နီတိများ၊ လောကနီတိဖတ်စာများ၊ စာအုပ်စာပေ၊ စာစောင်များမှ လိုက်နာသင့်သည့် လမ်းညွှန်မှုများစွာကို ရှာဖွေလေ့လာသင်ယူကြရပါမည်။ သင်ယူဖတ်မှတ်လေ့လာထားသည့် အသိပညာ၊ အလိမ္မာတို့အပေါ် အခြေခံပြီး ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကံကို ပြုပြင်သွားကြပါလျှင် လူမှုဆက်ဆံရေး အဆင်ပြေကာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရာမှ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေးအမြင်များ မှန်ကန် လေးနက်စွာ ရှာဖွေတွေ့နိုင်ခွင့်ရှိပါသည်။

အသိပညာပေါ်အခြေခံပြီး တစ်ဦးချင်းဘဝတွေကို တည်ဆောက်ရင်း နှစ်ဦးဘဝ၊ မိသားစုဘဝ၊ ဆွေမျိုးအသိုင်းအဝိုင်းဘဝများထဲသို့ တိုးဝင်နိုင်ခွင့်ရကြပါသည်။ ထိုအရွယ်၌လည်း မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ရွေးချယ်မှု မှန်ကန်စေလိုပါသည်။ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်၍လည်း မဖြစ်နိုင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် တူနှစ်ကိုယ် တဲအိုပျက်မှာနေပြီး ထမင်းရည်အတူသောက်၍ ရေရှည် မရနိုင်ပါ။ နစ်သထက်နစ်ပါက ဘဝ၏အဓိပ္ပာယ်ကို ဖွင့်ဆို၍ မရနိုင်ပါ။ ပညာရေး၊ စီးပွားရေးအခြေအနေတင့်မှ လူမှုရေး၊ ကျန်းမာရေးများလည်း ကောင်းမွန်ကာ ဘာသာတရား ထွန်းကားရာ သာသနာမြေမှာ "တစ်မူးရပြီး တစ်ပဲလှူ" နိုင်သည့်ဘဝသို့ တက်လှမ်းနိုင်ပေမည်။

တစ်ဦး၊ တစ်အိမ်ထောင် မျိုးနွယ်စုများစုပေါင်းနေထိုင်ကြရာ ဒေသတစ်ခုမှသည် ပြည်နယ်၊ ပြည်ထောင်စုနိုင်ငံများဖြစ်လာကြပါသည်။ ထိုသူများ စုပေါင်းနေထိုင်ရာ ထိုဒေသကို ထိုသူများကပင် ဖွံ့ဖြိုးတိုးတက်ပြီး နေချင်ဖွယ်ရာ ငြိမ်းချမ်းသောနယ်မြေ၊ ဥပဒေစိုးမိုးရာနယ်မြေ၊ ယဉ်ကျေးမှုစရိုက်များ ထွန်းကားရာနယ်မြေ၊ သာသနာဘာသာထွန်းကားရာ နယ်မြေဖြစ်လာအောင် မြှင့်တင်ဖော်ဆောင် တည်ဆောက်ကြရပါမည်။ ထိုနယ်မြေ၊ ထိုပြည်ထောင်စုသည် နှစ်အနည်းငယ်အတွင်း အခြေတည်လာခြင်းမျိုးမဟုတ်ဘဲ အမှီပြုစုစည်းနေထိုင်လာသူအားလုံး စိတ်တူကိုယ်တူ တာဝန်ကိုယ်စီဖြင့် နှစ်ပေါင်းရာထောင်ချီ၍ စုစည်းညီညွတ်စွာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလာခဲ့ရသည့် သမိုင်းရေးပကတိအရှိတရားကို အမှန်မြင်ကြဖို့ လိုပါသည်။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ပုဂံခေတ်မှ ယနေ့တိုင် ပုဂံမတိုင်မီ ရှေးရှေးဘိုးဘွားများ လက်ထက်ကတည်းက အတူလက်တွဲ စုစည်းတည်ဆောက်ခဲ့ရသော ပြည်ထောင်စုနိုင်ငံစစ်စစ် ဖြစ်ပါသည်။ ထိုပြည်ထောင်စုမြန်မာနိုင်ငံကို ဆက်လက်ရှင်သန် ရပ်တည်နိုင်စေရန် ယခင်က သွေး၊ ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပေးဆပ် ထူထောင် တည်ဆောက်ခဲ့ရသလို နောင်အနာဂတ်ခရီး၌လည်း ဆက်လက်ပြီး ရင်းနှီးပေးဆပ် အလုပ်အကျွေးပြု ထူထောင်တည်ဆောက်ကြရဦးမည် ဖြစ်ပါသည်။ ထိုသို့ ရင်းနှီးပေးဆပ်ထူထောင် တည်ဆောက်ထားရသော "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စု"ကို မိမိတို့အားမာန်တွေ၊ အသိပညာ အမြော်အမြင်တွေ၊ စည်းလုံးခြင်းတွေ၊ သတ္တိသွေးတွေ၊ ဇာတိမာန်တွေ၊ မျိုးချစ်စိတ်တွေနှင့် အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းမြှင့်တင် တည်ဆောက်ကြရဦးမည်ဖြစ်ပါသည်။ မည်သို့မျှ၊ မည်သည့်အကြောင်းနှင့်မျှ အစိတ်စိတ်အမြွှာမြွှာ အပြိုကွဲ မခံနိုင်သည်မှာ မိမိတို့ ပြည်ထောင်စုသား အားလုံး၏၊ တစ်ဦးချင်းစီ၏ လိုလားချက်ဆန္ဒအမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်သူ တစ်ဦးတစ်ယောက်တိုင်းသည်-

- **အခြေခံပညာမှသည် အဆင့်မြင့်ပညာများ တတ်မြောက်ရေး**
- **အလုပ်အကိုင်ရှာဖွေ အသက်မွေးဝမ်းကျောင်းကြရာ၌ ရသမျှ ငွေကြေးဥစ္စာဓနအပြင် အသိပညာ၊ စည်းကမ်းစနစ်များ၊ လူ့အရင်းအမြစ်များ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ရေး၊**
- **အချင်းချင်း ပြစ်တင်ဝေဖန်မည့်အစား အပြုသဘောဆောင်သော အတွေးအမြင်၊ အလုပ်များဖြင့် အကျိုးပြုယှဉ်တွဲနေထိုင်ရေး၊**
- **ကြံ့ခိုင်သောစိတ်၊ ခိုင်မာသောရည်ရွယ်ချက်၊ စွန့်စားစွန့်လွှတ်ရဲသော ရဲစွမ်းသတ္တိ၊ ပြည်ထောင်စုချစ်စိတ်များ ဖြစ်ပေါ်လာရေး၊**
- **အမျိုး၊ ဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများ လေးစားလိုက်နာပြီး လက်ဆင့်ကမ်းအမွေအဖြစ် အလေးထား ထိန်းသိမ်းစောင့်ရှောက် ကာကွယ်တတ်ရေး**

စသော အရေးများကို မျိုးချစ်စိတ်ဖြင့် လုပ်ဆောင်ရင်း "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စု"ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တင့်တယ်စွာ ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုပါသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကိုကြည့်ပြီး နည်းပြပိုင်း၊ ကစားသမားများအပိုင်း၊ ဂိုးသမားများအပိုင်း စသည်ဖြင့် အပိုင်းလိုက် တာဝန်သိ၊ တာဝန်ကျေကြသည့်အပြင် အချင်းချင်းနားလည်မှု၊ စည်းလုံးမှု၊ အပေးအယူ မျှတမှု၊ တစ်ကိုယ်ကောင်း၊ အတ္တစိတ်အမူအကျင့်ပယ်ဖျောက်မှု၊ အနိုင်ရလိုမှုဖြင့် တစ်ဖက်သားနစ်နာအောင်လုပ်လိုသော စိတ်အမူအကျင့်ဆိုးများ ကင်းစင်မှု၊ ရိုးရိုးသားသားကြိုးစားကစားရင်း ကိုယ့်အသင်းပေါ်သာမက တစ်ဖက်အသင်းပေါ်၌ပါ အလေးထားမှု၊ အမိနိုင်ငံအတွက် အစွမ်းကုန်ကြိုးပမ်းမှု စသည်စသည် ကောင်းမြတ်သည့် အမူအကျင့်၊ စရိုက်လက္ခဏာများကို သင်ခန်းစာကောင်းများအဖြစ်ရယူပြီး မိမိတို့သည်လည်း အမိမြန်မာနိုင်ငံ "ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကြီး" တိုးတက်စည်ပင်သာယာငြိမ်းချမ်းပြီး ဒီမိုကရေစီထွန်းကားရေးအတွက် အသိ၊ သတိ၊ ပညာ၊ အမြော်အမြင်၊ ဆင်ခြင်တုံတရားများဖြင့် တက်ညီလက်ညီ အတူလက်တွဲ ကြိုးပမ်းစွမ်းဆောင် တည်ဆောက်ကြပါစို့။ ။

တစ်ဦး၊ တစ်အိမ်ထောင် မျိုးနွယ်စုများ စုပေါင်းနေထိုင်ကြရာ ဒေသတစ်ခုမှသည် ပြည်နယ်၊ ပြည်ထောင်စုနိုင်ငံများ ဖြစ်လာကြပါသည်။ ထိုသူများ စုပေါင်းနေထိုင်ရာ ထိုဒေသကို ထိုသူများကပင် ဖွံ့ဖြိုးတိုးတက်ပြီး နေချင်ဖွယ်ရာ ငြိမ်းချမ်းသောနယ်မြေ၊ ဥပဒေစိုးမိုးရာနယ်မြေ၊ ယဉ်ကျေးမှုစရိုက်များ ထွန်းကားရာနယ်မြေ၊ သာသနာဘာသာ ထွန်းကားရာနယ်မြေ ဖြစ်လာအောင် မြှင့်တင်ဖော်ဆောင် တည်ဆောက်ကြရပါမည်။ ထိုနယ်မြေ၊ ထိုပြည်ထောင်စုသည် နှစ်အနည်းငယ်အတွင်း အခြေတည်လာခြင်းမျိုးမဟုတ်ဘဲ အမှီပြု စုစည်းနေထိုင်လာသူအားလုံး စိတ်တူကိုယ်တူ တာဝန်ကိုယ်စီဖြင့် နှစ်ပေါင်း ရာထောင်ချီ၍ စုစည်းညီညွတ်စွာ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလာခဲ့ရသည့် သမိုင်းရေးပကတိအရှိတရားကို အမှန်မြင်ကြဖို့ လိုပါသည်။

30-7 (10).pmd 1 7/30/2010, 2:23 AM

ပြည်သူများအား အခွန်လုပ်ထုံးလုပ်နည်းများနားလည်ရေး ပြောဆိုစည်းရုံး

နိုင်ငံတော်အပေါ် သစ္စာရှိပြီး ရိုးဖြောင့်မှန်ကန်စွာဆောင်ရွက်

ကြည့်ရှုစစ်ဆေး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို ပိုမို အရှိန်အဟုန်မြင့်မားစေရန်အတွက် ထိရောက်ထက်မြက်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန်မှာကြားခဲ့သည်။

ရိုးဖြောင့်မှန်ကန်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော်လယ်ဝေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အခွန်ဦးစီးမှူးတို့က အခွန်ငွေ လျာထားသတ်မှတ်ချက်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက အခွန်ထမ်းဆောင်သူ ပြည်သူများအား အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရေး ပြောဆိုစည်းရုံးသွားရန်နှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ်သစ္စာရှိစွာ၊ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိရာ တာဝန်ခံမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသခံပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တတ်အားသမျှ ဝိုင်းဝန်းပံ့ပိုးကြရန် မှာကြားသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနားခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့သို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ခံများက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာဝန်ပေးအပ်

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇူလိုင် ၂၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွေးမြင့်က စီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)



မြန်မာအမျိုးသမီးများနေ့အခမ်းအနား

မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ကျင်းပ

နမ့်ခမ်း ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ကျားဖြူခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းက မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမြင့်ဆွေက အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် အကြမ်းဖက်မှုကာကွယ်ရေး ဥပဒေတို့ကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ တာဝန်ခံဒုတိယရဲအုပ် အောင်မျိုးထွဋ်က လူမှောင်ခို၊ လူကုန်ကူးမှုမှ ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အကြောင်းတို့ကိုလည်းကောင်း ဟောပြောကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းက ထပ်ဆင့်ပေးအပ်လှူဒါန်းပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင် နမ့်ခမ်းမြို့နယ် စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူ ၂၃ဦးအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ညောင်တုန်း ဇူလိုင် ၂၉

ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဇူလိုင် ၂၃ရက်ကကျင်းပရာ အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေး၊ ရွာဟောင်းအုပ်စုဥက္ကဋ္ဌ ဦးကျော်ထူးအောင်၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌဦးသန်းလွင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေးက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာမများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က နှစ်ဘာသာ ဂုဏ်ထူးရှင် မောင်စည်သူစိုး **(အောက်ပုံ)**၊ တစ်ဘာသာဂုဏ်ထူးရှင် မတင်မိုးဖြူတို့အားလည်းကောင်း၊ မိဘဆရာအသင်းနှင့် တာဝန်ရှိသူများက အတန်းအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၁၅၂)**

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ ဂမုန်းပွင့်အရောင်းဆိုင်၌ ဝယ်ယူနိုင်

ရန်ကုန် ဇူလိုင် ၂၉

ဂမုန်းပွင့် Shopping Mall (ကမ္ဘာအေး)၌ ထိုင်းနိုင်ငံ ထုတ်ကုန်ပစ္စည်းများကို တွင်ကျယ်လူသိများရန် အထူးဈေးနှုန်းဖြင့် ရောင်းချသော 4th Made in Thailand Festivalကို ဇူလိုင်၁၆ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သည်။ ထိုပွဲတွင် Thai Product များကို တစ်ရက်အတွင်း ငွေကျပ် ၃၀၀၀၀ဖိုးနှင့်အထက် ဝယ်ယူပါက TV၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများအပါအဝင် ဗလာမပါကံစမ်းမဲများ ချက်ချင်း ကံစမ်းနိုင်ပြီး ထပ်ဆင့်အခွင့်အရေးအနေဖြင့် ဇူလိုင် ၂၇ရက်တွင် ရန်ကုန်-ဗန်ကောက်-ရန်ကုန် လေယာဉ်လက်မှတ် လေးစောင်အပါအဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်ရွေးချယ်ပေးခဲ့သည်။ **(ယာပုံ)**

ကံစမ်းမဲ

ဂမုန်းပွင့်ဆိုင်ခွဲများ၌ ငွေကျပ်တစ်ထောင်နှင့်အထက်ကို ကံစမ်းမဲနံပါတ်တစ်ခု သတ်မှတ်ပေးပြီး နှစ်ပတ်တစ်ကြိမ် ကံစမ်းမဲဖွင့်လှစ်ပေးသည့် အစီအစဉ်လည်းရှိရာ ထိုအစီအစဉ်တွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အပတ်စဉ် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူနိုင်

ကမ္ဘာအေးရှိ ဂမုန်းပွင့် Shopping Mall တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း Weekend Sale အစီအစဉ်ရှိရာ ငွေကျပ်သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်း ပန်ကာ၊ မီးပူ၊ ထမင်းပေါင်းအိုးများ အပါအဝင် ဗလာမပါကံစမ်းမဲများ ရရှိမည်ဖြစ်သည်။ ထို့အပြင် ၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ လျှော့ဈေးရမည့် Discount ကူပွန်များကို တစ်လအတွင်း ၄င်း Shopping Mall ရှိ သက်ဆိုင်ရာဆိုင်များတွင် ထပ်မံဝယ်ယူနိုင်ကြောင်း သိရသည်။

ဖွင့်လှစ်ထား

ဂမုန်းပွင့်ဆိုင်ခွဲများကို ကမ္ဘာအေး၊ မြေနီကုန်း၊ ဘိုကလေးဈေးလမ်းထောင့်၊ ရွှေတိဂုံဘုရားလမ်းနှင့် ဗန္ဓုလလမ်းထောင့် သိမ်ကြီးဈေး (D) ရုံတို့တွင် ဖွင့်လှစ်ထားသည်။ **(သတင်းစဉ်)**

ကြွက်ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကြယ်စင်စုကို ကျောခိုင်းခဲ့သည့် ရာအူးလ်

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

မက်ဒရစ် ဇူလိုင် ၂၉

ရီးရဲမက်ဒရစ်ကလပ်၌ သက်တမ်းအရှည်ဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့သူ၊ ရီးရဲမက်ဒရစ်၏ အောင်မြင်မှုများကို ရယူပေးနိုင်ခဲ့သူ၊ ရီးရဲမက်ဒရစ်အသင်း၏ အမှတ်သင်္ကေတတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရသည့် ရာအူးလ်တစ်ယောက် ရီးရဲမက်ဒရစ်ကလပ်ကို ကျောခိုင်းခဲ့လေပြီ။

စာချုပ်

ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရာအူးလ်ကို နည်းပြသစ်မော်ရင်ဟိုက အသင်းမှ ထွက်ခွာလိုက ထွက်ခွာခွင့်ပြုထားသဖြင့် ဂျာမန်ကလပ် ရှော်ကေးသို့ အလွတ်ပြောင်းရွှေ့မှုအဖြစ် ရာအူးလ်ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ရှော်ကေးအသင်းနှင့် ရာအူးလ် နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ပြီဖြစ်သည်။ ရှော်ကေး၌ ရာအူးလ်အနေဖြင့် ပုံမှန်ကစားခွင့်ရရှိမည်ဖြစ်ပြီး နံပါတ်(၇) ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားရမည် ဖြစ်သည်။

ကစားခဲ့

ရာအူးလ်အနေဖြင့် ရီးရဲမက်ဒရစ်ကလပ်တွင် အသက် ၁၇နှစ်အရွယ် ၁၉၉၄ ခုနှစ်မှ စတင်ပြီး ကစားခဲ့ခြင်းဖြစ်သည်။ ဘောလုံးရာသီ ၁၅ရာသီကြာအောင် ရီးရဲမက်ဒရစ်အသင်း တစ်သင်းထဲ၌ စွဲမြဲစွာကစားခဲ့ရာ ရီးရဲမက်ဒရစ်ကလပ်သမိုင်း၌ သက်တမ်းအကြာဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ရယူပေး

ရီးရဲမက်ဒရစ် ကလပ်အတွက် ရာအူးလ်အနေဖြင့် ကွင်းလယ်တိုက်စစ်ကို ဦးဆောင်ကာ ပွဲပေါင်း ၇၄၁ပွဲတွင် ကစားပေးခဲ့ပြီး ၂၂၈ဂိုးသွင်းယူပေးခဲ့သည်။ စပိန်အသင်းအတွက် ၁၀၂ပွဲ ကစားပေးခဲ့ပြီး ၄၄ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်သည်။ ရီးရဲမက်ဒရစ်ကလပ်အတွက် ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ လာလီဂါဖလား ခြောက်ကြိမ်နှင့် နိုင်ငံတကာပွဲများ၌ ဖလားနှစ်ကြိမ် ရယူပေးခဲ့သူလည်း ဖြစ်သည်။

တာဝန်ကျေ

အသက် ၁၇နှစ်သားအရွယ်မှ ၃၃နှစ်အထိ ရီးရဲမက်ဒရစ်ကလပ်၌ သံယောဇဉ်ကြီးစွာ ကစားခဲ့သူ ရာအူးလ်ကား ယခုအခါ အသက် ၃၃နှစ်ရှိနေပြီ။ ဘောလုံးသမားတစ်ဦး၏ ခြေစွမ်းအပြနိုင်ဆုံးနှင့် အတက်ကြွဆုံးအချိန်များ ကုန်လွန်စပြုနေပြီဖြစ်သည်။ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ရာအူးလ်အနေဖြင့် ရီးရဲမက်ဒရစ်အပေါ် တာဝန်ကျေခဲ့သူ တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒဏ်ရာရရှိ

ခြေထောက်ဒဏ်ရာ ရရှိနေသော ရာအူးလ်အတွက် ရီးရဲမက်ဒရစ်၌ ပုံမှန်ကစားခွင့်နေရာ ပျောက်ဆုံးခဲ့ရသည်။ ပုံမှန်ပွဲထွက်ခွင့်မရသည့် အနေအထားမျိုး၌ ကြာရှည်မခံစားနိုင်သည့် ရာအူးလ်တစ်ယောက် သူသံယောဇဉ်ကြီးခဲ့ရသည့် ရီးရဲမက်ဒရစ်မှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ လူငယ်ကစားသမားများကို အားထားလာသော နည်းပြသစ် မော်ရင်ဟို၏ အနေအထားကြောင့် ရာအူးလ်တစ်ယောက် အသင်း ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သလို အသက်အရွယ်ရလာခဲ့၍လည်း ဖြစ်သည်။

ရှော်ကေးအသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုပြီးနောက် နံပါတ် (၇) ဂျာစီအင်္ကျီ ဝတ်ဆင်ကစားမည့် ရာအူးလ်။

(အင်တာနက်ဓာတ်ပုံ)

ပြောကြား

ဂျာမန်ဘွန်ဒက်စ်လီဂါ၏ ရှော်ကေးအသင်း နည်းပြဖီးလစ်မာဂတ်က ရှော်ကေးအသင်းအတွက် အလွန်တန်ဖိုးရှိသော ပြောင်းရွှေ့မှုဖြစ်ကြောင်း၊ အသင်းအတွက် မင်္ဂလာရှိသည့် အချိန်ပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရာအူးလ် ဒဏ်ရာသက်သာနေပြီဖြစ်ရာ ရှော်ကေး တိုက်စစ်ကို တာဝန်ယူ ဦးဆောင်ရတော့မည် ဖြစ်သည်။

စပိန်ကလပ် ရီးရဲမက်ဒရစ်၌ ကာလရှည်ကြာစွာ ကစားခဲ့သည့် ရာအူးလ်က ''ဘွန်ဒက်စ်လီဂါသို့ ပြောင်းရွှေ့ကစားခြင်းသည် လာလီဂါနှင့် ယှဉ်ကျေးမှု အသွင်အပြင်ပြောင်းလဲမှု ကွာခြားမှုများ ရှိကြောင်း၊ ခံစားမှုခြင်း ကွဲပြားသည့်အတွက် မိမိအနေဖြင့် စိတ်သစ်လူသစ်ဖြင့် ရှော်ကေးအသင်းအား အောင်မြင်မှုများ ရရှိရန် စွမ်းဆောင် ပေးနိုင်မည်ဟု ယုံကြည်ကြောင်း'' ပြောကြားခဲ့သည်။

ရီးရဲမက်ဒရစ်၏ အမှတ်သင်္ကေတ တစ်ခုဖြစ်ခဲ့သည့် ရာအူးလ်ကား ရှော်ကေးအသင်းအား မည်သို့စွမ်းဆောင်ပေးမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

အာဂျင်တီးနား နည်းပြရာထူး မာရာဒိုနာ လက်လွှတ်ခဲ့ရ

ထင်ကျော်ထက် - ရေးသားသည်



လန်ဒန် ဇူလိုင် ၂၉

အသက် ၄၉နှစ်အရွယ်ရှိ ဒီဂိုမာရာဒိုနာ၏ အာဂျင်တီးနားနည်းပြအဖြစ် ဆက်လက် လုပ်ကိုင်ရေးမှာ အဆုံးသတ်သွားပြီ ဖြစ်ကြောင်း အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်အေ)က အတည်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင် ၂၆ရက်က အေအက်ဖ်အေဥက္ကဋ္ဌ ဂျူလီယိုဂရွန်ဒိုနာနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အာဂျင်တီးနားနည်းပြ အလုပ်ကို ဆက်လက်လုပ်ကိုင်လိုသည်ဟု မာရာဒိုနာက ဝန်ခံပြောကြားခဲ့သည်။ သို့သော်လည်း မာရာဒိုနာက ၎င်း၏လက်ရှိအသင်းကို အပြောင်းအလဲလုပ်ရန် ငြင်းပယ်ခဲ့ပြီးနောက် ၎င်းအား စာချုပ်သစ် ထပ်မံချုပ်ဆိုရေးကို အေအက်ဖ်အေက မဲခွဲဆုံးဖြတ်ပယ်ချကာ အသက် ၂၀ အောက် အာဂျင်တီးနားလူငယ်လက်ရွေးစင်အသင်းနည်းပြဖြစ်သူ ဆာဂျီယိုဘာတစ် စတာအား အာဂျင်တီးနား လက်ရွေးစင်အသင်း၏ ယာယီနည်းပြအဖြစ် တာဝန်ပေးရန် သဘောတူညီခဲ့ကြသည်။ **(အင်တာနက်)**

စကော့ပါကာအား စပါးက ကမ်းလှမ်းမှု ဝက်စ်ဟမ်းအသင်း ငြင်းပယ်ခဲ့ဟုဆို

လန်ဒန် ဇူလိုင် ၂၉

ဝက်စ်ဟမ်းအသင်းမှ အသက် ၂၉နှစ်အရွယ်ရှိ အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား စကော့ပါကာအား စပါးအသင်းက ကမ်းလှမ်းမှုကို ဝက်စ်ဟမ်းအသင်းက ငြင်းပယ်ခဲ့သည်ဟု ဆိုသည်။

ဝက်စ်ဟမ်းအသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးသော ပါကာအား စပါးအသင်းက ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း ပါကာအား မည်သည့်ဈေးနှုန်းနှင့်မျှ ရောင်းထုတ်မည်မဟုတ်ကြောင်း ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ ဒေးဗစ်ဆူလီဗန်က အသင်းပိုင်ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။ (အင်တာနက်)

ကာပယ်လို၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့မှု နောင်တရခဲ့မိဟု ပေါလ်စ်ကိုးလ်ဖွင့်ဟ

လန်ဒန် ဇူလိုင် ၂၉

အသက် ၃၅နှစ်ရှိ မန်ယူကွင်းလယ်ကစားသမား ပေါလ်စကိုးလ်က ၎င်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နည်းပြဖာဘီယိုကာပယ်လို၏ အင်္ဂလန်လက်ရွေးစင်အသင်း၌ ပါဝင်ကစားရန် ဖိတ်ခေါ်မှုကို လက်မခံခဲ့ဘဲ ငြင်းပယ်ခဲ့မိသည်ကို နောင်တရမိခဲ့ကြောင်း၊ အမှားတစ်ခု ကျူးလွန်ခဲ့မိသည်ဟု ခံစားရကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အီတလီနိုင်ငံသား နည်းပြကာပယ်လိုသည် ပေါလ်စကိုးလ်အား ဘောလုံးလောကမှ အနားမယူဘဲ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် လက်ရွေးစင်အသင်း၌ ပါဝင်ကစားရန် ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ပေါလ်စကိုးလ်က ယင်းကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။ (အင်တာနက်)

နောက်တန်းကစားသမား ဆိုးကင်းဘဲလ် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ဖွယ်

လန်ဒန်

ဇူလိုင် ၂၉

အသက် ၃၅နှစ်ရှိ အင်္ဂလန် လက်ရွေးစင်အသင်း ခံစစ်မှူးဟောင်း ဆိုးကင်းဘဲလ်အား အသင်းများက ခေါ်ယူရန် အပြိုင် ကြိုးပမ်းနေကြသည့်အနက်မှ နယူးကာဆယ်အသင်းက ခေါ်ယူနိုင်ဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆိုးကင်းဘဲလ်သည် ယခုနွေရာသီတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည်။ ဆန်းဒါးလန်းနှင့်ဆဲလ်တစ်အသင်းများက ဆိုးကင်းဘဲလ်အား စာချုပ်ခေါ်ယူရန် စိတ်ဝင်တစားကြိုးပမ်းနေချိန်တွင် ၎င်းအား အာဆင်နယ်က စာချုပ်သက်တမ်းတိုးချုပ်ဆိုရန် ကြိုးစားခဲ့သေးသည်။ သို့သော်လည်း ဆိုးကင်းဘဲလ်ကမူ ပရီမီယာလိဂ်သို့ တန်းပြန်တက်လာသော နယူးကာဆယ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိသည်။ (အင်တာနက်)

ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

မာရေးနှင့် တင်းနစ်နည်းပြ မက္ကလာဂင်လမ်းခွဲ

ဗြိတိသျှအဆင့်(၁) တင်းနစ်သမားအန်ဒီမာရေးသည် ၎င်း၏တင်းနစ်နည်းပြ မီလက်စ် မက္ကလာဂင်နှင့် လမ်းခွဲလိုက်ပြီဖြစ်သည်။ အသက် ၃၅နှစ်ရှိ ဆုကြေးစား တင်းနစ်ကစားသမားဟောင်း မက္ကလာဂင်သည် ၂၀၀၇ခုနှစ် နှစ်ကုန်ပိုင်းက မာရေး၏ တင်းနစ် နည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မာရေး၏ ငါးယောက်မြောက် နည်းပြဖြစ်သည်။

ဘွန်ဝဲလ်နှင့် ဂျူးစ် ထိပ်တန်းတင်းနစ်မယ်များကိုနိုင်

အမေရိကန်နိုင်ငံ စတန်းဖို့ဒ်မြို့၌ကျင်းပသော တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပတ်လည်ပွဲစဉ်တွင် ဗြိတိသျှတင်းနစ်မယ် ဆာရက်ချ်ဘွန်ဝဲလ်နှင့် ၎င်း၏ကစားဖော် ရာကီးလ်ကော့ပ်ဂျူးစ်တို့ စုံတွဲသည် ထိပ်တန်းတင်းနစ်မယ်များဖြစ်ကြသည့် လီဆာရေမွန်နှင့် ရင်နေးစတတ်ဘ်တို့အား ၆-၀၊ ၄-၆၊ ၁၂-၁၀ဖြင့် အနိုင်ရရှိခဲ့သည်။

ဥရောပချန်ပီယံရှစ်ပြေးခုန်ပစ်၌ မိုဖာရက်ချ် ရွှေဆွတ်ခူး

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပလျက်ရှိသော ၂၀၁၀ ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀၀၀ပြိုင်ပွဲတွင် အသက် ၂၇နှစ်အရွယ်ရှိ ဗြိတိသျှပြေးခုန်ပစ် သမား မိုဖာရက်ချ်က ဗြိတိန်နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သည်။ ဖာရက်ချ်သည် ယင်းပွဲစဉ်တွင် ၂၈မိနစ် ၂၄ဒသမ ၉၉ဖြင့် ပန်းဝင်ခဲ့သည်။

မီတာ ၁၀၀ပြေးပွဲ၌ ချန်ဘာ အကြိုဗိုလ်လုပွဲတက်

ဗြိတိသျှတာတိုအပြေးသမားများဖြစ်သည့် ဒါဝင်ချန်ဘာ၊ မာ့ခ်လီဝစ်ဖရန်စစ်နှင့် ဂျိမ်းစ်ဒါဆာအိုလူတို့ သုံးဦးစလုံးသည် မီတာ ၁၀၀ပြေးခုန်ပစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

ရိုဒရီဂွက်ဇ် လီဗာပူးမှထွက်ခွာဖွယ်

လီဗာပူးတောင်ပံကစားသမား မက်ဇီရိုဒရီဂွက်ဇ်သည် အသင်းမှထွက်ခွာဖွယ် ရှိကြောင်း၊ ၎င်း၏အသင်းဟောင်း အက်စ်ပန်ညိုက ၎င်းအားပြန်လည် စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

လူးဝစ်၏ ပြောင်းရွှေ့ကြေး ဘင်ဖီကာဖွင့်ဟ

ဘင်ဖီကာအသင်းသည် ရီးရဲမက်ဒရစ်၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်း တို့က ခေါ်ယူလိုသော ဘရာဇီးလက်ရွေးစင်အသင်းနှင့် ဘင်ဖီကာဗဟိုခံစစ်မှူး ဒေးဗစ်လူးဝစ်၏ ပြောင်းရွှေ့ကြေးကို ပေါင် ၃၃သန်း တိုးမြှင့်သတ်မှတ်လိုက်သည်ဟု ဆိုသည်။

မီလ်နာအားခေါ်ယူရေး မန်စီးတီးအဆုံးသတ်

မန်စီးတီးအသင်းသည် အက်စ်တွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ် မီလ်နာအား စာချုပ်ခေါ်ယူရေး ကြိုးပမ်းမှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း၊ ယခုအခါ အသင်းမှ ဘယ်လာမီ၊ စတီဖင်အိုင်ယာလန်နှင့် ရှေ့ဆန်တာခရုဇ်တို့အား အစုံထုတ် ရောင်းချရေးကိုသာ အာရုံစိုက်နေကြောင်းသိရသည်။

အစ္စတန်ဘူလ် တင်းနစ်ပြိုင်ပွဲ ဘယ်လ်တာချာနိုင်ပွဲရရှိ

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ကျင်းပသော အစ္စတန်ဘူလ်ဖလား တင်းနစ် ပြိုင်ပွဲတွင် ဗြိတိသျှအဆင့်(၁)တင်းနစ်မယ် အဲလီနာဘယ်လ်တာချာက လက်ရည်မစစ်ဘဲ ယှဉ်ပြိုင်ခွင့်ရသူ အိမ်ရှင်တူရကီနိုင်ငံသူ ကမ္ဘာ့အဆင့်(၁၉၆)ရှိ တင်းနစ်မယ် ကက်ဂလာ ဘူယူကက်ကေအား ပွဲစဉ်ငယ်နှစ်ပွဲစလုံး ခက်ခက်ခဲခဲယှဉ်ပြိုင်ပြီးမှ အနိုင်ရရှိခဲ့သည်။ ဘယ်လ်တာချာသည် ဘူယူကက်ကေအား ၇-၅၊ ၇-၆ (၇-၄)ဖြင့် အနိုင်ရရှိကာ ဒုတိယ အဆင့် အုပ်စုပတ်လည်ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဖူလ်ဟမ်နည်းပြအဖြစ် ဒိုနာဒိုနီလုပ်ကိုင်လို

အီတလီနိုင်ငံသား နည်းပြရောဘတ်တိုဒိုနာဒိုနီသည် လစ်လပ်နေသော ဖူလ်ဟမ် အသင်းနည်းပြအဖြစ် တာဝန်ယူ လုပ်ကိုင်လိုသည့်အတွက် အသင်းနှင့်ဆက်သွယ် ကြိုးစား လျက်ရှိကြောင်း သိရသည်။

ဒီဒီယာအား မန်ယူနှင့် ချယ်လ်ဆီး လက်လွှတ်ရဖွယ်

*မန်ယူနှင့်ချယ်လ်ဆီးတို့သည် ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း စတုဂတ် ကွင်းလယ်ကစားသမား ဆာမီခီဒီယာအား စာချုပ်ခေါ်ယူရန် ကြိုးပမ်းနေကြကြောင်း၊ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေး နီးစပ်နေသော ခီဒီယာအား ယင်းအသင်းများက လက်လွှတ်ရဖွယ်ရှိကြောင်း သိရသည်။ ။ **(အင်တာနက်)***

B.A(Myanmar)
B.Sc(Botany)
B.Sc(Physics)
(Grade X-A)

"A" (Tu Tu - Su Su)
> English Speaking / Phonetics/ Grammar
> IELTS/TOEFL/TEFLAS (3.8.2010) Tuesday (5:00pm)
☎ 250727

မြတ်ဆရာပူဇော်ပွဲ

ပဲခူးမြို့၊ အမှတ် (၁) အစိုးရအထက်တန်းကျောင်း (ယခင် ဟိုက်စ်ကူးကျောင်း) ကျောင်းအုပ်ဆရာမကြီး (အငြိမ်းစား)-ဒေါ်အေးဘုံအား အောက်ဖော်ပြပါ ဦးကျော်မြင့်၊ ဒေါ်ကျော့ခင် နေအိမ်တွင် ဆရာမကြီး၏ တပည့်များက ဒုတိယအကြိမ် ပူဇော်ကန်တော့ကြမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

နေ့ရက်အချိန် - ၈-၈-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ
နေရာ - အမှတ် ၂၅/၂၇၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း - ၂၄၀၉၃၁၊ ၂၄၃၅၀၄။

မွေးနေ့ဆုတောင်းလွှာ

ချစ်ဇနီး ညီမလေး စုလင်းရှိန်ရဲ့ ၃၀-၇-၂၀၁၀ ရက်တွင် ကျရောက်သည့် (၂၅)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော မိသားစုနှင့်အတူ ဘ၀ခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်ခင်ပွန်း-
ကိုကိုး(ကိုနေ၀င်းအောင်)။

ခုနစ်နေ့ဘုရားရှိခိုး
Tape/CD
မန္တလေးသိန်းဇော်

နှစ်ဦးသဘောတူ တရားဝင်လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ဝေဖြိုးသူ ၅/စကန(နိုင်)၁၉၄၆၃၀နှင့် ကျွန်မ မဆုဝေလွင် ၅/စကန(နိုင်)၁၈၁၅၃၄ တို့သည် ၁၆-၄-၂၀၁၀ရက်တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီးရှေ့မှောက်၌ တရားဝင် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

မောင်ဝေဖြိုးသူ-မဆုဝေလွင်။

အမည်ပြောင်း

ဦးမျိုးသန့်၏သား မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၂၀)စတုတ္ထတန်းမှ မောင်နေထက်အောင်အား မောင်နေလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နေလင်းအောင်။

ဖခင်အမည်မှန်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အထက(ခွဲ) ရွှေညောင်ပင်ကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းညွန့်ဖြစ်ပါကြောင်း။

အဖဦးသောင်းညွန့်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက် အမှတ် ၁၀၆၊ ဧရိယာ ၀ ဒသမ ၁၇၁ ဧကရှိ နှစ် ၆၀ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန် ၁ရပ်ကွက်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ ၄ လမ်း၊ အမှတ် ၁၀၆ဟုခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အအုံ အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်များ အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းထွေး ၁၂/ဒဂန(နိုင်)၀၁၈၀၈၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်
LL.B,D.B.L,D.M.L, D.I.L, D.L.P,W.I.P.O (Switzerland)
ဒေါ်အေးအေးစိုး
B.Sc(Hon:), IC, H.G.P,R.L,D.B.L
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀-၁၇၀၄၄။

စာအုပ်စာပေ လူ့မိတ်ဆွေ

(၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အသင်းလိုက်ပတ်လည်ပြိုင်ပွဲများနှင့် အကြိုဗိုလ်လုပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၏ အသင်းလိုက် ပတ်လည်ပြိုင်ပွဲများနှင့် အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်ဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးမိုးဦးထွန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသမီးအသင်းလိုက် အုပ်စုပတ်လည်ပြိုင်ပွဲများနှင့် အမျိုးသားအသင်းလိုက် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထို့နောက် အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပထမအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် မွန်ပြည်နယ်က ကချင်ပြည်နယ်ကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်းအနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားကြသည်။

ဆက်လက်ကျင်းပ

ယင်းနောက် အမျိုးသားအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပထမအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် မွန်ပြည်နယ်က ဧရာဝတီတိုင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကာဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ ပြိုင်ပွဲကို ဇူလိုင်၃၀ရက် နံနက်၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်၌ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့သည်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်၌ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည့်အပြင် အမျိုးသား၊ အမျိုးသမီးတို့၏ တစ်ဦးချင်းပြိုင်ပွဲများနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးရဲညွန့်သည် ဇူလိုင် ၂၇ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ကစားဖော်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစံလွင်၊ ဦးတင်မောင်အေးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၅)၊ ၁၅၈ကိုက်အကွာ၌ Titleist (Pro-V1)ဘောလုံးကို Wood No.1 Homma တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ *(ရန်ကုန်ဂေါက်အသင်း)*

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ခ)အုပ်စုမှ အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းနှင့် ရှေ့နေချုပ်ရုံးအသင်းတို့ တစ်ဂိုးစီသရေဖြစ်သွားကြပြီး နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၃၀ရက် ပွဲစဉ်များအဖြစ် နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာန အသင်းနှင့် လယ်/ဆည်ဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ စီမံ/စီးပွားဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၇ ရက်က ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃)သူရတပ်ခွဲမှ ကျောင်းဆင်းအရာရှိများစုပေါင်း၍ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းထိပ် ဦးချိန်တန် တန်စောင်းမှ ဉာဏ်တော် ခုနစ်ပေရှိ ရုပ်ပွားတော်အမှတ် (၅၃)အား ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ၁၆၈၆၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ပညာရွှေအိုးစာကြည့်တိုက် ဖန်းမော်မြို့နယ် သဖန်းပင်ကျေးရွာ၌ ဖွင့်လှစ်

ဖန်းမော် ဇူလိုင် ၂၉

ဖန်းမော်မြို့နယ် သဖန်းပင်ကျေးရွာ ပညာရွှေအိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ ပရိဘောဂ၊ စာအုပ်စာစောင်၊ မီဒီယာပစ္စည်းများ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ချို၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်၊ ဦးစီးမှူး ဒေါ်သီတာအေး၊ အလှူရှင် ထက်ကောင်းကျော်၊ ကုမ္ပဏီမန်နေဂျာ ဦးသိန်းငွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးလှကြိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ ငွေပဒေသာပင်အတွက် ကျပ်ငါးသိန်းတစ်သောင်းအပါအဝင် ရုပ်မြင်သံကြားအပေါ်စက်၊ အောက်စက်၊ ဆောင်းဘောက်၊ ပန်ကာ၊ ပရိဘောဂများ၊ စာအုပ်စာစောင်များ ဝယ်ယူရန်အတွက် စုစုပေါင်း ငွေကျပ် ၉၂၈၀၀၀တို့အား အလှူရှင် ၁၅ဦးတို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်တို့က လက်ခံယူကြသည်။ အဆိုပါ အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေရှိ မြေစိုက်၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အဆောက်အအုံဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကာ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ဇူလိုင် ၁၄ရက် နံနက် ၁၀နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) အလက(၁) ထ(၂)ခွဲ မဏ္ဍပ်မာလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက ဘဝအလင်းတံခါးခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်သည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၂၉

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိ တက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ဦးကျောက်တောင်-ဒေါ်မချေမိသားစု အမှတ် ၁၁၅ သစ်ရာပင်လမ်း သုဝဏ္ဏမြို့တို့က နေ့လယ်စာထမင်းဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး
ရဲတပ်ဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၉

တနင်္သာရီတိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ရက် နံနက်ပိုင်းက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တနင်္သာရီတိုင်း ရဲတပ်ဖွဲ့မှူးက တိုင်းရဲတပ်ဖွဲ့၏ မှုခင်းလျော့နည်း ကျဆင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းတုန်း၌ စီမံကိန်းတာဝန်ပေးအပ်

မင်းတုန်း ဇူလိုင် ၂၈

သရက်ခရိုင် မင်းတုန်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇွန် ၃၀ရက် နံနက် ၁၀နာရီက ၂၀၁၀-၂၀၁၁ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်က ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၇၂ အုပ်စုသို့ စီမံကိန်းတာဝန်ပေးအပ်သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

တမန်းနှိုး၊ ဓာတ်မြေဩဇာကြဲပက်ပွဲ ပြည်မြို့နယ်၌ ကျင်းပ

ပြည် ဇူလိုင် ၂၇

ပြည်မြို့နယ် ကြခတ်ကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ ကွင်းအမှတ်(၁၄၈/က) ဦးပိုင်အမှတ်(၇၂) တောင်သူဦးမင်းမင်း၏ ဆင်းသွယ်လတ် စပါးသုံးဧက စိုက်ခင်း၌ ဇူလိုင် ၂၄ရက်က ကျင်းပသော တမန်းနှိုး၊ ပေါင်းလိုက်၊ ဓာတ်မြေဩဇာ ကြဲပက်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်ကြည့်ရှု အားပေးသည်။ ရှေးဦးစွာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် မြို့နယ်စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာတို့က မိုးစပါးစိုက်ပျိုး ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ကျေးရွာအုပ်စုအတွင်းမှ တောင်သူများနှင့် တရင်းတနှီးတွေ့ဆုံပြီး မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

မုံရွာမြို့ ညောင်တပင်လမ်းတွင် ဈေးရောင်းချနေမှုကို ဇူလိုင် ၇ရက်က စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဈေးအကျိုးတော်ဆောင်များ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သံတွဲမြို့၌ ကျင်းပ

သံတွဲ ဇူလိုင် ၂၂

သံတွဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်သစ်တောဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ရက် နံနက် ၇နာရီက ရှေ့ကျောင်းပြင်ကျေးရွာအုပ်စု ခံပြင်ကျေးရွာအနီး၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ သံတွဲခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ပျိုးပင်များ ပေးအပ်သည်။ ဆက်လက်၍ ကျွန်းပင်၃၅၀၊ ပျဉ်းကတိုးပင်၁၀၀၀၊ မဲဇလီပင် ၃၅၀ နှင့် ယူကလစ်ပင် ၄၅၀ စုစုပေါင်းအပင် ၂၁၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကွန်ကရစ်တိုင်အတွက်ငွေလှူ

ရန်ကုန် ဇူလိုင် ၂၉

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ညောင်ဦးမြို့နယ် မြို့ကုန်းရပ်ကွက်၌ စတင်တည်ဆောက်လျက်ရှိသော ၉၉၀၀ အရဏ်ခံတန်ဆောင်းကြီး ကွန်ကရစ်တိုင်တစ်လုံးအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၄ရက်က ဆီမီး ၉၉၀၀ ရုံး၊ စုပေါင်းရုံးဝင်း အင်းစိန်၌ကျင်းပသည်။ အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် နဝရတ်လမ်းနေ ဦးမောင်မောင်ကြီး-ဒေါ်ကြင်သန်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက်စဉ့်ကူစိုးဝင်း)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) တို့က လက်ခံယူသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဖုန်း-၆၄၃၈၂၆၊ ၀၉-၅၀၆၆၅၀၀၊ ၀၉-၅၀၈၁၉၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၁၃)**

ရွှေတောင်မြို့၌ ပညာသင်စရိတ် ချီးမြှင့်

ရွှေတောင် ဇူလိုင် ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပွဲ ကို ဇွန် ၂၉ရက် နံနက်၉နာရီက ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ဝန်ထမ်းသား သမီး ၃၂ဦးကိုယ်စား ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဒုတိယဦးစီးမှူး ဦးအောင်ဌေးဝင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အတာတို့ထံ ပညာသင် ထောက်ပံ့ငွေကျပ် ၂၄၆၀၀၀ကို ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၉-၂၀၁၀တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်ဖုန်းမြတ်ဆွေအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၀၀၀၀ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ကျောက်ဆည်မြို့၌ အလှူငွေလွှဲပြောင်းပေးအပ်

ကျောက်ဆည် ဇူလိုင် ၁၈

ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာအုပ်စု တောင်လွဲကျေးရွာတွင် စာကြည့်တိုက်အတွက် အလှူငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁ရက် မွန်းလွဲ ၁နာရီက ကျောက်ဆည်မြို့ မြင်းစိုင်းခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေများကို စာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီသို့ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ကော်မတီဥက္ကဋ္ဌက စာကြည့်တိုက် ဆောက်လုပ်မည့် လုပ်ငန်းများ၊ ကျေးရွာမှ ဆောင်ရွက်ထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မြေယာရှုခင်းအလှ

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ရေလဲလမ်းဆုံ မြေယာရှုခင်းအလှဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြေပြုပြင်ခြင်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၈၇၆၅၈ Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်မိုး ၁၄/ဟသတ (နိုင်) ၂၈၅၃၅၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ဟသ်ာတ။

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၅၆၈၅၀ ဂျာလင်း JL 90 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဌေး ၅/စကန(နိုင်)၁၁၉၃၉၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ စစ်ကိုင်းမြို့။

မင်းပြားမြို့၊ မြို့မမြောက် အခမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေများလှူဒါန်းခြင်း

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အလုပ်သမားများ မြန်မာ(PSA) မိသားစုက ငွေကျပ် ၁၅၀၀၀၀၀၊ ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းနေ ဒေါက်တာစံသာဟန်မိသားစုက ငွေကျပ် ၁၅၀၀၀၀၀၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ ကွယ်လွန်သူ ဒေါ်အေးကြည်က ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းနေ မောင်မြတ်မင်းမောင်က ငွေကျပ် ၃၀၀၀၀၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၉၄ လမ်းနေ ကိုဇင်ညိမ်း-မလင်းလင်းထွန်းက ငွေကျပ် ၂၀၀၀၀၊ ရန်ကုန်မြို့ စမ်းချောင်းမြင်းမိုရ်လမ်းနေ ဒေါ်နှင်းပွင့်ဝေ၊ ဒေါ်ဝေဝေမြင့်မိသားစုက ငွေကျပ် ၆၀၀၀။

ဆက်သွယ်လှူဒါန်းရာဌာန - ကျောင်းအုပ်ဆရာတော် မြို့မမြောက် အခမဲ့ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တက္ကသိုလ် သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဂန္ဓေါမြိုင်လမ်း၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်၊ ဖုန်း-၀၉-၈၅၀၂၇၁၅၊ ၀၁-၅၄၈၈၀၅(ရန်ကုန်)။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဆုပိုပိုလွင်၏ နိုင်ငံကူးလက်မှတ်အမှတ်-၉၀၉၄၀၅မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

(ကျေးဇူးဆပ်ပါမည်။)

ဖုန်း-၅၇၉၁၇၄။

အိမ်စီးကားသန့်

Hilux-85 Diesal

ငါးချိတ်၊ ဗ----

ရောင်းမည်။

ဖုန်း-၀၉-၅၀၃၉၃၇၉၊၀၁-၅၂၁၀၀၄။

ကြေးပိဋကတ်တော်လှူဒါန်းကြစို့

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်ကြေးပိဋကတ်တော်အလှူရှင်များ-

ဦးထွန်းအောင်ကျော်နှင့်သားသမီးများ ဗိုလ်တထောင်။	၂ချပ် ကျပ် ၅၂၀၀၀
ဒေါ်ခင်သန်းအေးမွေးနေ့အလှူ၊ မရမ်းကုန်း။	၁ချပ် ကျပ် ၂၆၀၀၀
ဦးသိန်းမြင့်-ဒေါ်ကျင်ငွေး ဝေဠုဝန်အိမ်ရာ၊စမ်းချောင်း။	၁ချပ် ကျပ် ၂၆၀၀၀
ဦးမြင့်ကျော်-ဒေါ်ဥမ္မာစိုးမိသားစု၊ (ပွင့်လင်းခတ်မြေသြဇာ)၊ မြောင်းမြမြို့။	၁ချပ် ကျပ် ၂၆၀၀၀
ဘဒ္ဒန္တတေဇ မြဇေယျကျောင်းတိုက်၊ ဂုန်နီစက်ရုံဝင်း၊ မြောင်းမြမြို့။	၁ချပ် ကျပ် ၂၆၀၀၀
ဦးမြစိန်-ဒေါ်ကြည်ကြည်ဇင်မိသားစု၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်း။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါက်တာမိုးလွင်-ဒေါ်တင့်တင့်ဝေ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ ဗဟန်း။	၅ချပ် ကျပ် ၁၃၀၀၀၀
ဒေါ်စိန်ရင်(အသက်၉၀ပြည့်)မြေး၊မြစ်၊ တူ၊တူမများကောင်းမှု F.M.I City.	၉ချပ် ကျပ် ၂၃၄၀၀၀
ဗိုလ်မှူးကြီးတင်မျိုးကြည်-ဒေါ်မူမူအောင်မိသားစု၊ နေပြည်တော်။	၁ချပ် ကျပ် ၂၆၀၀၀
မယဉ်မွန်အောင်မွေးနေ့အလှူ၊လှိုင်မြို့နယ်၊ရန်ကုန်။	၁ချပ် ကျပ် ၂၆၀၀၀
ဒေါ်ကျင်ဖောင်နှင့်သားသမီးများ၊လှိုင်မြို့နယ်၊ရန်ကုန်။	၄ချပ် ကျပ် ၁၀၄၀၀၀

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ရွှေကျင်တိုက်ကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၆၅

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဒေါ်ခင်ကြူ(ခ)ဒေါ်ကြူကြူ
မြန်မာ့စီးပွားရေးဘဏ်(၃) ၂။ ဦးမျိုးသန့်
မန္တလေးမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၁၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် တော်သလင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်ရှိ အကွက်အမှတ် ၁၈၆၊ ဦးပိုင်အမှတ် (၂၇/၁၇)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၆၅ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ၄င်းမြေပေါ်ရှိ(၃၃×၂၄)ပေ၊အမြင့်၂၄ပေခန့် သွပ်မိုး ကြွေပြားခင်း အပေါ်လျှာထိုးပျဉ်ခင်း ၁၃½လက်မ အုတ်ကာ၊ နှစ်ထပ်အုတ်ပတ်ကားနှင့် ရှေ့ဖက်တွင် တွဲလျက်၊ (၁၄×၂၄)ပေ၊ အမြင့် ၁၂ပေခန့် သွပ်အဖီချ တစ်ထပ်နှင့် ဘေးဘက်တွင် တွဲလျက်၊ (၁၄×၈)ပေ၊ အမြင့် ၈ပေခန့် ကွန်ကရစ်မိုး အုတ်ခင်း တစ်ထပ်RC၊ ကားဂိုဒေါင်နှင့် ၄င်းမြေပေါ်ရှိ(၃၂×၂၇)ပေ၊အမြင့် ၃၂ပေခန့် သွပ်မိုး မြေညီထပ်အုတ်ခင်း ကျန် အထက်လျှာထိုးခင်း သုံးထပ်နံကပ်အဆောက်အအုံနှင့် ဗိုလ်အုန်းသီး ကုန်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှိ ကုန်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နုယဉ်
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

ချမ်းမြေ့ရိပ်သာ (နေပြည်တော်လယ်ဝေး)

နေပြည်တော်လယ်ဝေး အမှတ်-၆ ရပ်ကွက် Aလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက်တွင် ၁-၈-၂၀၁၀ရက်၌ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာရေးတံမဲပွဲကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်လှူဒါန်းကုသိုလ်ပြုနိုင်ပါသည်။

ဝါတွင်း ၁၀ ရက်စခန်းပွဲကို ၂၅-၈-၂၀၁၀ ရက်မှ ၃-၉-၂၀၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသောယောဂီများ စာရင်းပေးသွင်းနိုင်ပါပြီ။

တက္ကသိုလ်ဝင်တန်းများအတွက် ချမ်းမြေ့ပညာဒါန သင်တန်းကို နေ့စဉ် နံနက် ၇ နာရီမှ ၈ နာရီအထိနှင့် ညနေ ၄ နာရီမှ ၅ နာရီအထိ တက်ရောက်သင်ကြားနိုင်ပါသည်။

ဖုန်း-၀၆၇-၃၀၄၇၉၊ ၀၆၇-၃၀၂၃၃။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၅၃၆၀၇ ANBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၉/ကဆန(နိုင်)၀၂၀၉၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကျောက်ဆည်။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) မန္တလေးတိုင်းတရားရုံး

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၆၇၈ နှင့်ဆက်သွယ်သည့်၊ ၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၈

ကမ္ဘောဇဘဏ်လီမိတက် **နှင့်** ဦးမြင့်မောင်စိုး
[၄င်း၏ကိုယ်စားမန်နေဂျာ
ဒေါ်ခင်နှင်းယု၊ ဘဏ်ခွဲ(၄)
ကမ္ဘောဇဘဏ်လီမိတက်၊မန္တလေးမြို့။]

တရားနိုင် **တရားရှုံး**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်၊ နန်းရှေ့ ၆၅လမ်း၊ လမ်း ၂၀နှင့် ၃၂လမ်းကြား၊ သုခလမ်း(၁)၊ အမှတ် ၄၁/၁၅နေ ဦးမြင့်မောင်စိုး (Silver Door Inn)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၆၇၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ကမ္ဘောဇဘဏ်လီမိတက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၀ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၂ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၀ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြုံးပြုံးအေး
တွဲဖက်တိုင်းတရားသူကြီး(၃)၊ မန္တလေးတိုင်းတရားရုံး။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

အင်းစိန်မြို့နယ် ဈေးသူဈေးသားများ၏ ကျိုက်ထီးရိုးဘုရားရင်ပြင်တော် လုပသာယာသန့်ရှင်းရေးလုပ်အားဒါနအလှူအဖြစ် စုပေါင်းသန့်ရှင်းရေး ကုသိုလ်ပြုကြခြင်း**(ဝဲပုံ)**၊ ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံများအား ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးခြင်းနှင့် အစိုးရမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၀တို့အား တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ကျော်တန်ဖိုးရှိ ကျောင်းသုံး စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၈ရက်က ပြုလုပ်ခဲ့ကြသည်။ ကျောင်းသုံးပစ္စည်းများ စုစုပေါင်းလှူဒါန်း ငွေတန်ဖိုးမှာ ငွေကျပ် သိန်း ၈၀ ကျော်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**



မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးဆုရသူများအား ဆုချီးမြှင့်

ဒီပဲယင်း ဇူလိုင် ၂၀

ဒီပဲယင်းမြို့နယ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်၈နာရီက ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသော အထက်တန်းနှင့် အလယ်တန်းအဆင့်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအတွက် ရေပိုက်များ စုဆောင်းထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဇူလိုင် ၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောသီဟ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကန်ကြီးထောင့် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးကို ဇူလိုင်၁၄ရက်က ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့မှ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်မီးသတ် ဦးစီးဌာနမှူးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင် ၂၉ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့် ပြုလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၃ ○

တိုင်းရေ၏ ခမ်းနားထည်ဝါသော နေ့ရက်များ

➤ သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံ - သာညွန့်(သတင်းစဉ်)နှင့် ဝင်းမောင်မောင်
➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၂၉

၂၀၁၀ ခုနှစ် ဇူလိုင် ၂၂ရက်။

ဟင်္သာတဘူတာမှ ဇလွန်ဘူတာသို့ ထွက်ခွာလာသော အထူးရထားကြီးသည် ဟင်္သာတ- ဇလွန်ရထားလမ်းပိုင်း ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒေသခံပြည်သူများကိုတင်ဆောင်၍ တငြိမ့်ငြိမ့်ခုတ်မောင်းနေသည်။ အထူးရထားကြီး ဖြတ်သန်းခုတ်မောင်းရာ လမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများသည် အိုးစည်ဗုံမောင်းများ၊ ကရင်ဒုံးယိမ်းအကတို့ဖြင့် လှိုက်လှဲစွာ တပျော်တပါး ကြိုဆို နှုတ်ဆက်နေကြ၏။ ကောက်စိုက်လုံမပျိုတို့ကလည်း လုပ်ငန်းခွင်မှ လက်များဝှေ့ယမ်း၍ နှုတ်ဆက်ကြ၏။ အချို့ကား ကခုန်၍ပင် အပျော်လွန်ကဲကြ၏။

စာမျက်နှာ ၉ ကော်လံ ၃ ✳

မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇူဒိုင်တံတားအမှတ်(၁)ကြီးက ဧရာဝတီတိုင်းသားတို့ အတွက် တန်ဖိုးမဖြတ်နိုင်....။